# မြဝတီ

နေ့စဉ်

**တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**

### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၆)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှသင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား



**တပ်မတော်သားများသည် ပြည်သူများမှပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆို တိုင်တည်ထားသည့်အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်၊ တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိတို့ကိုယ်ကိုဂုဏ်ယူ၍ တာဝန်ကိုထမ်းဆောင်ကြရန်လိုပြီး နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရန်လို**

နေပြည်တော်   ဩဂုတ်   ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း)

**စာမျက်နှာ ၁၆ ကော်လံ ၄ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်)

# ထူးချွန်သည့်အားကစားသမားများပေါ်ထွန်းရေး

ယခုနှစ် တစ်နှစ်ပတ်လုံးတွင် ကျောင်းသားအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက်အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိသည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ထို့ပြင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြိုအဖြစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ကို စက်တင်ဘာလ ၁၄ ရက်မှ ၂၄ ရက်အထိ အားကစားနည်း ၂၄ မျိုးဖြင့် ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်ဆင်နွှဲသည့်အားကစားပြိုင်ပွဲများသည် နိုင်ငံတော်အဆင့်အမျိုးသားအားကစားပြိုင်ပွဲအတွက် အောင်မြင်မှုအင်အားတစ်ရပ်ဖြစ်လာစေရန် ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကြီးတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အားကစားသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ်လက္ခဏာဖြစ်သည်။ အားကစားသည်လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ်လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စု လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သောအပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်ကြောင်း မျှော်လင့်ယုံကြည်ကြသည်ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးတွင်အမှာစကားပြောကြားစဉ် **“ပဉ္စမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့်အားကစားသမားများထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်းထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေးပံ့ပိုးပေးရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ခမ်းနားထည်ဝါစွာကျင်းပသွားရန် လျာထားပြင်ဆင်လျက်ရှိသည်။ အမျိုးသားအားကစားပွဲတော်သည် အခြားအားကစားပွဲတော်များနှင့်မတူဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့်အားကစားပြိုင်ပွဲဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကို ယခင်အစိုးရအဆက်ဆက်ကကျင်းပခဲ့ရာ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အမျိုးသားအားကစားပွဲတော်တို့ကို ရန်ကုန်တွင်ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်၌ ခမ်းခမ်းနားနားကျင်းပခဲ့သည်။ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားအားကစားပွဲတော်ကို မကျင်းပဖြစ်ခဲ့ဘဲ ယခု ၂၀၂၄ ခုနှစ်တွင် နေပြည်တော်၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပေရာ မြန်မာ့အားကစားအရှိန်အဟုန်မပျက်တိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အားကစားမြှင့်တင်ခြင်းသည်လည်း နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားတွင်ထူးချွန်စွာအောင်မြင်သူများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ ထိုသို့ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့်အရှေ့တောင်အာရှအဆင့်အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်(၇၇)ခု၊ ငွေတံဆိပ်(၈၇)ခုနှင့် ကြေးတံဆိပ်(၁၅၉) ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကိုအခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေများချီးမြှင့်ခဲ့သည်။

ထိုသို့ချီးမြှင့်ခဲ့ရာတွင် ဆုကြေးငွေအားဖြင့် ငွေကျပ် (၇၄၅၂၃)သိန်းနှင့်အမေရိကန်ဒေါ်လာ (၁၃၃၉၀၀) တို့ကို အားကစားသမားများအားချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့်စိတ်ဓာတ်ပေါ်ပေါက်လာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ယခုကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးတွင် အောင်မြင်လိုသည့်စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများနှင့် ထူးချွန်အောင်မြင်စွာထွက်ပေါ်လာမည့်အားကစားသမားများကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပေရာ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ထူးချွန်သောကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဂုဏ်ပြုကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၂၉) ရက်သာ လိုတော့သည်။

---

# မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**ဟိုပုံး ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း “လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးစီမံကိန်း” မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပုံးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားရာတွင် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းသာရကြောင်း၊ သင်တန်းသားများကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည့်အထိ ပိုင်ပိုင်နိုင်နိုင်နားလည်တတ်ကျွမ်းအောင် မွမ်းမံသင်တန်းကိုထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားရာတွင် ထူးချွန်သင်တန်းသား ငါးဦးကို သင်တန်းနည်းပြနှင့် သင်တန်းကော်မတီအဖွဲ့ဝင်များက ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်းပြောကြားပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဩဂုတ်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာဖွင့်လှစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် စက်တင်ဘာလ ၅ ရက်နေ့တွင် အခြေခံစက်ချုပ်သင်တန်းအား ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

---

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်(၁) တွင် ယခုနှစ်မိုးရာသီမှ လာမည့်နှစ် နွေရာသီအထိ ဆီထွက်သီးနှံဧကပေါင်း ၅၄၀၀၀၀ ကျော်စိုက်ပျိုးမည်

မန္တလေး ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံ အထူးဇုန် (၁) တွင် ယခုနှစ်မိုးရာသီမှ လာမည့်နှစ် နွေရာသီအထိ နွေ၊ မိုး၊ ဆောင်းသုံးရာသီအတွင်း ဆီထွက်သီးနှံ ဧကပေါင်း ၅၄၀၀၀၀ ကျော် စိုက်ပျိုးမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


အဆိုပါဆီထွက်သီးနှံအထူးဇုန်(၁)တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုး ကို ယခုနှစ်မိုးရာသီတွင် ဧကပေါင်း ၃၄၀၀၀၀ ကျော်၊ လာမည့်ဆောင်းရာသီ တွင် ဧကပေါင်း ၁၁၇၀၀၀ ကျော်နှင့် လာမည့်နှစ် နွေရာသီတွင် ဧကပေါင်း ၉၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်သည်။

"အခုလို ဆီထွက်သီးနှံတွေ လျာထား စိုက်ပျိုးရာမှာ မိုးသီးနှံစိုက်ပျိုးတဲ့ကာလ က မေလကနေ အောက်တိုဘာလအထိ စိုက်ပျိုးပြီး ဆောင်းသီးနှံစိုက်ပျိုးတဲ့ကာလ က နိုဝင်ဘာလကနေ ဇန်နဝါရီလအထိ စိုက်ပျိုးမှာပါ။ နွေသီးနှံကိုတော့ လာမယ့် နှစ် ဖေဖော်ဝါရီလကနေ ဧပြီလအထိ စိုက်ပျိုးမှာပါ။ လျာထားချက်တွေပြည့်မီ စေဖို့အတွက် အထူးဇုန်မှာပါဝင်တဲ့ တောင်သူတွေ အထွက်နှုန်းကောင်းမွန်တဲ့ ဆီထွက်သီးနှံမျိုးတွေ လဲလှယ်စိုက်ပျိုး နိုင်ဖို့၊ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးရေရရှိဖို့၊ ရောဂါပိုးမွှားကျရောက်မှု ကြိုတင်ကာကွယ်နိုင်ဖို့ စတဲ့လိုအပ်ချက် တွေကို တောင်သူတွေနဲ့ သက်ဆိုင်ရာဌာန တွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေပါ တယ်"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာန ဆီထွက်သီးနှံအထူးဇုန် (၁) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ကပြောသည်။

ထို့ပြင် ဆီထွက်သီးနှံစိုက်ကွေများတွင် မြေဩဇာများ၊ သွင်းအားစုများကို အချိန် ကိုက်၊ အချိုးကျထည့်သွင်းနိုင်ရေးအတွက် လည်း သက်ဆိုင်ရာမှ ပံ့ပိုးကူညီပေးနေ သကဲ့သို့ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တောင်သူ အသိပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံ အထူးဇုန် (၁) ကို တိုင်းဒေသကြီးအတွင်း ရှိ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ အမရပူရခရိုင်နှင့် အောင်မြေသာစံခရိုင်တို့၌ ဖော်ဆောင် မည်ဖြစ်ပြီး ယခုနှစ်မိုးရာသီမှစ၍ အကောင် အထည်ဖော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး




## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ကရင်ပြည်နယ်အဆင့် အထူးနည်းပြသင်တန်းဆင်း

ဘားအံ ဩဂုတ် ၃၁

ကရင်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက်ယူရေးဆိုင်ရာ ပြည်နယ် အဆင့် အထူးနည်းပြသင်တန်းဆင်း ဂုဏ်ပြုပွဲကို ဩဂုတ်လ ၃၀ ရက်က ဘားအံမြို့ ဘားအံတက္ကသိုလ်ရှိ ပညာ ရိပ်သာ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပ သည်။



ရှေးဦးစွာ လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူရေး ဆိုင်ရာ ပြည်နယ်အဆင့် အထူးနည်းပြ သင်တန်းသား၊ သင်တန်းသူများက သင်တန်းနောက်ဆုံးနေ့ လက်တွေ့ကွင်း ဆင်းသည့်အနေဖြင့် ဘားအံတက္ကသိုလ် ရှိ နဝရတ်ဆောင်နှင့် အဆောက်အအုံ အမှတ်(3B) တို့တွင် အိမ်ထောင်စုမေးခွန်း နှင့် အဖွဲ့အစည်းမေးခွန်းများ လက်တွေ့ လေ့ကျင့်ကောက်ယူမှုများ ဆောင်ရွက် ကြသည်။

ထို့နောက် သင်တန်းဆင်းပွဲကို လူထု အခြေပြုဗဟိုဌာန၌ကျင်းပရာ ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချသည့်အခါ ဘာသာ ရပ်သင်ခန်းစာများအပြင် စာရင်းကောက် များအနေဖြင့် မေးခွန်းများမေးမြန်းရာ တွင် လိမ္မာပါးနပ်စွာမေးမြန်းကြရန်နှင့် သင်တန်းမှရရှိသည့် သန်းခေါင်စာရင်း ဆိုင်ရာ အသိအမြင်များကို ပြန်လည် သင်ကြားပို့ချသည့်အခါ မခြွင်းမချန် ထိထိရောက်ရောက်ပြန်လည်ပို့ချလေ့ကျင့် ပေးရန်လိုကြောင်း၊ နည်းပြတာဝန်များ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း များကို အောင်မြင်အောင် ဆောင်ရွက်ကြ စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့နာယက၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပြည်နယ်အဆင့်အထူးနည်းပြသင်တန်း သား၊ သင်တန်းသူများအား ဂုဏ်ပြု လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရ သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ပင်းတယမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ပန္နက်တင်

ပင်းတယ ဩဂုတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်တည်ဆောက်မည့် စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဩဂုတ်လ ၃၀ ရက်က မြင်းမူးကျေးရွာရှိ စာကြည့်တိုက်ဆောက် လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပင်းတယမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စာကြည့် တိုက် ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေး မှူးများနှင့် ရပ်မိ/ရပ်ဖများတက်ရောက် ကြသည်။

အဆိုပါစာကြည့်တိုက်ကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းခဲ့ကြသည့် အလှူငွေများဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ် ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဝင်များ ပူးပေါင်းတည်ဆောက်မည်ဖြစ် ကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံပြိုင်ပွဲများကျင်းပ

ကော့သောင်း ဩဂုတ် ၃၁

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက် တွင် ကျရောက်မည့် နိုင်ငံတကာစာတတ် မြောက်ရေးနေ့အထိမ်းအမှတ် မြို့နယ် အဆင့် ကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ များကို ဩဂုတ်လ ၃၁ ရက်တွင် တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာစာတတ်မြောက် ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ ရာ၌ အထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် စာတတ်မြောက်ရေးသင်ကြားပေး မနေ ဆောင်ရွက်တိုင်းပြည်အတွက် ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဘဝပန်းများပွင့်လန်းစေချင် စာကိုသင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်း နှင့် အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ တွင် စာပေတတ်မှဘဝမြတ်လိမ့် ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အလယ်တန်းနှင့်မူလ တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် စာတတ် မြောက်မှု အစဉ်ရှေ့ရှု ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ အလယ်တန်းနှင့် မူလတန်း အဆင့်ကာတွန်းပြိုင်ပွဲတွင် အနာဂတ် ဘဝတွေသာယာဖို့ စာမတတ်သူပိုင်းကူစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၃၀ ဦး ပါဝင်ယှဉ်ပြိုင်ကြ သည်။

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသူများအား စက်တင်ဘာလ ၈ ရက်တွင် ကော့သောင်း မြို့ မဏ္ဍပ်သဘင်ခန်းမ၌ကျင်းပမည့် နိုင်ငံ တကာ စာတတ်မြောက်ရေးနေ့ အခမ်း အနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ် ကြောင်း သိရသည်။

ချမ်းမြေ့

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

> ''အဖေသည် ကျွန်တော့်ကိုခေါ်ပြီး ဈေးနားဘက်သို့ လျှောက်လာခဲ့ကြသည်။ ဈေးအနီး လှေဆိပ်သို့ရောက်သည့်အခါ ကမ်းစပ်မှမြစ်ထဲသို့ တံတားထိုးထားသည့် အဆောက်အအုံသို့ လျှောက်လိုက်ကြသည်။ အနီးသို့ရောက်လို့ လှမ်းကြည့်လိုက်သည့်အခါ ''ဦးမောင်ဆိုး ထမင်းဆိုင်''ဟု ဆိုင်းဘုတ်တင်ထားသည်။ ထမင်းဆိုင်အောက်တွင် မြစ်ရေပြင်ဖြစ်သည်. . .''

**ယမန်နေ့မှအဆက်**

တစ်ခါမှတ်မိသေးသည်။ ကျွန်တော့်မှာ ဈေးဖိုးအဖြစ် တစ်နေ့မှာ တစ်ကျပ်တောင်မရှိတော့သည့် အခြေအနေဖြစ်သည်။ ကျွန်တော် ထမင်းတစ်အိုးချက်ထားပြီး အိမ်ရှေ့ခန်းလေးမှာထွက်ထိုင်ပြီး စာဖတ်နေသည်။ ထိုစဉ် အရပ်ထဲတွင် မကြီးမိဟုခေါ်ကြသော အဘွားကြီး ကျွန်တော့်ဆီရောက်လာသည်။ အဘွားကြီးမှာ မကြီးမည်သောသမီးပျိုတစ်ယောက်ရှိသဖြင့် အဘွားကြီးကို မကြီးမိဟုခေါ်ကြခြင်းပင်ဖြစ်ပေသည်။ မကြီးမိအဘွားကြီး ကျွန်တော့်ဆီရောက်လာပြီး အိမ်ရှေ့ ဒန့်သလွန်ပင်ပေါ်တွယ်ကပ်ပြီး တက်နေသော ကွမ်းပင်ကိုလက်ညှိုးထိုးပြပြီး "သားရေ ဒီ ဒန့်သလွန်ပင်ပေါ်တက်နေတဲ့ ကွမ်းရွက် အဘွားကိုရောင်းပါလား"တဲ့။ ကျွန်တော် အံ့သြသွားပြီး အဘွားကြီးကို စိုက်ကြည့်လိုက်မိသည်။ အဘွားကြီးသည် ကွမ်းချေးထူသွားတွေနဲ့ ရယ်သလိုပြုပြီး ကျွန်တော့်ကိုကြည့်သည်။

“ရောင်းလိုက်ပါကွယ် အဘွားမှာ ကွမ်းရွက်ကုန်သွားလို့နော်”

“ဩော် ဟုတ်ကဲ့ အဘွား ကျွန်တော်ခူးပေးမယ်ဗျ”

ကျွန်တော်သည် ဒန့်သလွန်ပင်ပေါ်တွယ်တက်နေသော ခပ်ရင့်ရင့်ကွမ်းရွက်များကိုခူးပြီး အဘွားကြီးကို ပေးလိုက်သည်။ ကွမ်းရွက်ဖိုးအဖြစ် အဘွားကြီးက ကျွန်တော့်ကို ပိုက်ဆံ ၁၀ ပြား ပေးခဲ့လေသည်။ လေးထောင့် မူးစေ့လေးပင်ဖြစ်သည်။ ကျွန်တော် ချက်ချင်းအိမ်ရှေ့ကမ်းနားလမ်းမှလျှောက်ပြီး လမ်းထိပ်က ဈေးဆိုင်လေးမှာ ငှက်ပျောသီးတစ်လုံးကို ငါးပြားဈေးဖြင့် ပိုက်ဆံ ၁၀ ပြားဖိုး ငှက်ပျောသီးနှစ်လုံးဝယ်လိုက်သည်။ အိမ်သို့ ပြန်ရောက်တာနဲ့ ထမင်းအိုးထဲက ထမင်းတစ်လင်ပန်းခူးပြီး ငှက်ပျောသီးတစ်လုံးကို အခွံနွှာကာ ထမင်းဖြူနဲ့ရောနယ်ပြီး စားလိုက်တော့သည်။ ကွမ်းရွက် ၁၀ ပြားဖိုးရောင်းရလျှင် ကျွန်တော်တစ်နေ့တာ ထမင်း၊ ဟင်းအတွက် ဈေးဖိုးလုံလောက်ပေသည်။ အဘွားကြီးကလည်း "သား ကွမ်းရွက်တွေက ချက်ချင်းခူးပြီး ကွမ်းယာလုပ်ဝါးရတာဆိုတော့ ကောင်းတယ်" ဆိုပြီး နေ့တိုင်း ၁၀ ပြားဖိုးစီ ကွမ်းရွက်လာဝယ်သည်။ အဖေ၊ အမေတို့ဆီက ပိုက်ဆံရောက်လာလျှင်တော့ ကွမ်းပင်လေးကို အနားပေးပြီး အားမွေးရတော့သည်။ ကျွန်တော့်မှာ အဘွားမရှိပြီးနောက်တွင် ထမင်းတစ်နပ်စားရရေးအတွက် လွန်စွာအခက်အခဲတွေ့နေရလေပြီ။ သို့သော် အတွေ့အကြုံကပေးသောအသိ၊ စာပေကရရှိသော ခွန်အားတို့ကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်းဟူသမျှကို ဘဝဟု ကျွန်တော်ခံယူတတ်လာသည်။ မနက်စာနှင့် ညစာထမင်းနှစ်နပ်စာကို မနက်ပိုင်းတွင်သာချက်သည်။ ထမင်းအိုးထဲက ထမင်းကို မနက်ပိုင်းတစ်ခြမ်းစားပြီး ညနေပိုင်းတစ်ခြမ်းစားသည်။ ဘာပဲဖြစ်ဖြစ် ထမင်းစားပြီး ရေသောက်လိုက်လျှင် ဗိုက်တင်းသွားတော့သည်။ ဒန့်သလွန်ပင်ပေါ်တွယ်တက်နေသည့် ကွမ်းပင်လေးမှာ အဘွားရှိစဉ်က ဒန့်သလွန်ပင်ခြေရင်းမှာ စိုက်ထားခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်မှာ ရေချိုးချိန်တိုင်း ရေမှန်မှန်လောင်းထား၍ ကွမ်းပင်ကလေး လှပလန်းဆန်းနေခြင်းဖြစ်သည်။

ကျွန်တော့်မှာ ယခင်နှစ်များထက် ပိုပြီးကြိုးစားသည်။ ကျက်မှတ်သည်၊ တွက်ချက်သည်။ အပြင်သို့ထွက်သည်ဟူ၍ပင် သိပ်မရှိတော့။ တစ်ခါတလေမှသာ ချမ်းအောင်၊ ရွှေမြတို့နဲ့ လမ်းလျှောက်ထွက်သည်။ ကျောင်းသင်ဘာသာရပ်နှင့် ပတ်သက်၍ အင်္ဂလိပ်စာအတွက် အခက်အခဲရှိလျှင် ရွှေမြက ကူညီသည်။ သင်္ချာအတွက် တွက်မရ၊ ပြုမရဖြစ်နေလျှင် ထွန်းဝင်းက ကူညီသည်။ သို့ဖြစ်၍ အင်္ဂလိပ်စာကော သင်္ချာပါ ယခင်နှစ်များကလောက် အခက်အခဲ မရှိတော့ပေ။

၁၉၆၆-၁၉၆၇ ပညာသင်နှစ် သီတင်းကျွတ်ကျောင်းပိတ်ချိန် အဘွားထွက်သွားစဉ်ကစပြီး ကျွန်တော်သည် စားသောက်ရေးကိစ္စကို ဖြစ်သလိုဖန်တီးပြီး အလျဉ်မီရုံစားသောက်နေရသည်ဟု ဆိုရပေမည်။ သို့သော် ကျွန်တော်၏ ပကတိပြဿနာကို ကိုယ်မှအပ မည်သူမျှမသိရှိရှာကြ။ ကျွန်တော်နှင့် အရင်းနှီးဆုံးဟုဆိုနိုင်သော ရွှေမြ၊ ချမ်းအောင်၊ ထွန်းဝင်းနှင့် စံငွေတို့ပင်မသိကြ။ သူတို့မှာ ကျွန်တော့်ကို သာမန်ကျောင်းသား၊ သာမန်သူငယ်ချင်းတစ်ယောက်အပြင် တခြားထွေထွေထူးထူးမသိကြ။ ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ့်ပြဿနာကို တခြားသူများအား မျှဝေပေးလိုစိတ်မရှိ။ မတ်လနောက်ဆုံးစာမေးပွဲပြီးလျှင် ကိုယ့်ရွာကလေးသို့ပြန်ရလျှင် ပြီးပြီဟု သဘောထားသည်။

●●●●●●●

၁၉၆၇ ခုနှစ် ဇန်နဝါရီလအတွင်း အဖေ ရောက်လာသည်။ ကျွန်တော် အားကိုးမှီခိုနေသည့်အဘွား သူ့သမီးဆီထွက်သွားခဲ့ခြင်းကို အဖေသတင်းရသွားပုံရသည်။ ကျွန်တော် စားသောက်နေထိုင်ရေးအခက်အခဲကို အဖေတွေးပြီး ကျွန်တော့်ဆီ အဖေလိုက်လာခြင်းဖြစ်သည်။

“သား ဒီနေ့ ထမင်းစားပြီးပြီလား”

“မစားရသေးဘူး အဖေ”

အဖေ မီးဖိုခန်းထဲဝင်သွားပြီး ခဏအကြာတွင် ပြန်ထွက်လာသည်။

“ထမင်းအိုးထဲမှာ ဘာလုပ်ထားတာလဲ”

အဖေ့စကားကြောင့် ကျွန်တော် ပြန်ဖြေရမှာ ခက်သလိုလိုဖြစ်နေမိသည်။ ရှင်းရှင်းပြောရလျှင် အဖေ့ကိုအားနာလို့ ကျွန်တော်မဖြေရဲ။

“သား အဲဒါ ဘာလုပ်ထားတာလဲ ဟင်”

“ဆန်ပြုတ် ပြုတ်ထားတာအဖေ ဆားခတ်ပြီး သောက်မလို့”

အဖေ ဒုတိယအကြိမ်အမေးမှာ ကျွန်တော် ပြန်ဖြေလိုက်မိတော့သည်။

“သား ညနေစာအတွက် စီစဉ်ထားတာလား”

“ဟုတ်တယ် အဖေ”

“ဩော် သားရယ်”

အဖေသည် ကျွန်တော့်ကိုခေါ်ပြီး ဈေးနားဘက်သို့ လျှောက်လာခဲ့ကြသည်။ ဈေးအနီး လှေဆိပ်သို့ရောက်သည့်အခါ ကမ်းစပ်မှမြစ်ထဲသို့ တံတားထိုးထားသည့် အဆောက်အအုံသို့ လျှောက်လိုက်ကြသည်။ အနီးရောက်လို့ လှမ်းကြည့်လိုက်သည့်အခါ “ဦးမောင်ဆိုး ထမင်းဆိုင်” ဟု ဆိုင်းဘုတ်တင်ထားသည်။ ထမင်းဆိုင်အောက်တွင် မြစ်ရေပြင်ဖြစ်သည်။ ရေလှိုင်းကလေးများ ပြေးလွှားဆော့ကစားနေကြသည်။ ကျွန်တော်တို့သားအဖ ဆိုင်အတွင်းသို့ဝင်ပြီး ထမင်း၊ ဟင်းမှာစားလိုက်ကြသည်။ အဖေသည် ထမင်းဆိုင်ပိုင်ရှင် ဦးမောင်ဆိုးနဲ့ စကားစမြည်ပြောဖြစ်ကြပြီး ကျွန်တော့်ကို စာမေးပွဲပြီးသည်အထိ ထမင်းဆိုင်မှာ ထမင်းစားရန် အပ်နှံထားခဲ့လေသည်။ ထမင်းစားစရိတ်တစ်လလျှင် ၂၅ ကျပ်နှုန်းဖြင့် စားရန်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်သည် နေ့စဉ် တစ်နေ့လျှင် နှစ်ကြိမ်စီ မြစ်အတွင်းက ဦးမောင်ဆိုး ထမင်းဆိုင်သို့ တံတားလေးကိုလျှောက်ပြီး ထမင်းစားဖို့ဆင်းရသည်။ ဦးမောင်ဆိုးမှာ ကျောက်ဖြူမြို့နယ် ညောင်ပင်လှရွာသားဟုသိရသည်။

နောင်ဆို ကျွန်တော်ထမင်းစားဖို့ရောက်လာလျှင် ဦးမောင်ဆိုးကပဲ “မောင်ဘညွန့် ရေ မီးဖိုချောင်ထဲဝင်သွားလိုက် ကိုယ်စားချင်တာ ကိုယ်ခူးခပ်စား” ဆိုပြီး ငါးအိုးဟင်းအိုးတွေ လက်ညှိုးထိုးပြတော့သည်။

●●●●●●●

**ဆက်လက်ဖော်ပြပါမည်။**

# ကြံခင်းမြို့နယ်၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုထိန်းချုပ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကြံခင်း ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ကူညီမှုဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင်ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်နှင့် လေ့လာမှတ်သားတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုထိန်းချုပ်ရေး အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်ပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ်လ ၃၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုထိန်းချုပ်ရေး အသိပညာပေးဟောပြောခြင်းအား အလေးထားမှတ်သားကြရန်နှင့် အဆိုပါအသိပညာပေးခြင်းမှ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင် ဥက္ကဋ္ဌ ဦးမြတ်ထွန်း(ရာဇာငယ်)က ဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းစင်ပပျောက်ရေးဆိုင်ရာများနှင့် ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးလက္ခဏာများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးလက္ခဏာများကိုလည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ဆရာမ ဒေါ်ဌေးဌေးရီက ဆေးလိပ်ငွေ့၏ အန္တရာယ်နှင့် ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိနိုင်သောအကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။



အဆိုပါဟောပြောပွဲသို့ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဆေးလိပ်အန္တရာယ်အကြောင်း သိကောင်းစရာနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးလက္ခဏာများပါဝင်သော အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များ ပြသထားခြင်းကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပင်မလေးထပ်ဆောင်အားကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပင်မလေးထပ်ဆောင်ရှေ့ရှိ ရေကန်တူးဖော်ပြီးစီးမှု၊ ရေကန်ပတ်လည်စိမ်းလန်းစိုပြည်စေရေးဆောင်ရွက်ထားရှိမှု၊ ရေကန်အတွင်းရေဖြည့်သွင်းပြီး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းများတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပရိဝုဏ်အတွင်း မိုးရာသီကာလ၌ ရေဝပ်မှုများမရှိစေရေးဆောင်ရွက်ရန်နှင့် ရေမြောင်းများ စနစ်တကျတူးဖော်ထားရှိရန်၊ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များလမ်းညွှန်မှာကြားစဉ်။

❑ ကျောဖုံးမှအဆက်

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိကြပြီး ပင်မလေးထပ်ဆောင်ရှေ့ရှိ အရှည် ၆၆၅ ပေ၊ အကျယ် ၁၁၀ ပေ၊ အနက် ၅ ပေရှိ ရေကန်တူးဖော်ပြီးစီးမှု၊ ရေကန်ပတ်လည်စိမ်းလန်းစိုပြည်စေရေးဆောင်ရွက်ထားရှိမှု၊ ရေကန်အတွင်း ရေဖြည့်သွင်းပြီး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းများတပ်ဆင်ထားရှိမှု၊ ကန်ပေါင်တွင် လူသွားလမ်းဆောင်ရွက်ပြီးစီးမှုနှင့် တက္ကသိုလ်အတွင်း သာယာလှပရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် တက္ကသိုလ်ပါမောက္ခချုပ်တို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ်အတွင်း မိုးရာသီကာလ၌ တက္ကသိုလ်ပရိဝုဏ်အတွင်း ရေဝပ်မှုများမရှိစေရေးဆောင်ရွက်ရန်နှင့် ရေမြောင်းများစနစ်တကျတူးဖော်ထားရှိရန်၊ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့်ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၆ သို့ ❑





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❏ စာမျက်နှာ ၅ မှအဆက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ဥပမိရုပ်ကောင်းမွန်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ ကျောင်းသားအိပ်ဆောင်များနှင့် အထောက်အကူပြုအဆောင်များ၊ စာသင်ဆောင်များနှင့် ခန်းမများဆောင်ရွက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက်စဉ်းစားကာ ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း လူသွားလမ်းများ၊ အားကစားပြုလုပ်ရာနေရာနှင့် အပန်းဖြေနေရာများဆောင်ရွက်ရာ၌ ကျောင်းတွင်တက်ရောက်မည့်ကျောင်းသားဦးရေအချိုးနှင့်ကိုက်ညီသည့် အကျယ်အဝန်းများဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

၃၁-၈-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ညောင်ဦး | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | ကော့ကရိတ် | ၃၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ကလေးဝ | ၃၄ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် | မော်လိုက် | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | ရမည်းသင်း | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဩဂုတ် ၃၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ တည်ဆောက်ရေးပြုပြင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားရိုးရာအိမ်များ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ အုပ်ချုပ်မှုရုံးအဆောက်အအုံများ ဆေးသုတ်ခြင်းလုပ်ငန်း၊ ကပွဲခန်းမ၊ ပြည်ထောင်စုခန်းမပြုပြင်ခြင်းလုပ်ငန်းနှင့် ရေ၊ မီးရရှိရေးစသည့်ဆောက်ရွက်ဆဲလုပ်ငန်းများ၊ သောင်တူးခြင်းလုပ်ငန်းနှင့် အရာထမ်း၊ အမှုထမ်းအိမ်ရာများစနစ်တကျသန့်ရှင်းသာယာလှပမှုရှိစေရေးတို့ကိုလည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကသင်တန်းနှင့် ကီးဘုတ်တီးခတ်ခြင်း သင်တန်းဖွင့်လှစ်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အချို့သောသမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင်စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုးပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှုပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကိုလည်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျရှင်းလင်းတင်ပြတတ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို အထွေထွေဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် မယ်ဆိုင်ချောင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေကျော် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၂ ပေကျော် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့နယ်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ည ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ)သို့ ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မဒေါက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄°C | / ၃၀.၂°C |
| ရန်ကုန် | ၂၃°C | / ၃၂.၅°C |
| မန္တလေး | ၂၆°C | / ၃၃.၅°C |

လျှပ်စစ်
မီးကို
ချွေတာ
သုံးစွဲပါ

အဖိုးတန်
ရေချိုကို
ချွေတာ
ကြပါစို့

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## မြန်မာ

➡ မြန်မာမှန်လျှင်
သူ့ဆန် သူ့ဟင်း၊ သူ့ထမင်း၌
ခံတွင်းမမြိန်၊ မတင်းတိမ်ဘဲ
စည်းစိမ်လောဘ၊ မတက်ကြလည်း
နှိမ့်ချပြစ်မှား၊ သူတစ်ပါးက
တရားမဲ့ကင်း၊ တို့ပြည်တွင်းသို့
ချင်းနင်းကျူးကျော်၊ ရန်စသော်မူ
မြေပေါ်တစ်လက်မ၊ ခြေမချအောင်
တက်ကြွချေမှုန်း တိုက်ထုတ်ပေအံ့။
➡ မြန်မာမှန်လျှင်
သူ့ကန် သူ့ကျောင်း၊ သူ့ချောင်း သူ့ရေ
သူ့ဌာနေနှင့်၊ သူ့ဆွေမျိုးကြောင်း
မကောင်းမဆို၊ ဝန်တိုကင်းမဲ့
မကဲ့ရဲ့လည်း၊ ချိုးဖဲ့ပြစ်တင်
အဆိုးမြင်ဖြင့်
ညာဏ်ဆင်နှုတ်ခွန်း၊ တို့ကိုညွှန်းသော်
တစ်ခွန်းမခံ၊ တို့တွန်းလှန်၍
တော်မှန်ရေးတွက် တို့ချေဖျက်အံ့။
➡ ဤရေ ဤမြေ၊ တို့ဌာနေတည့်
ဤမြေမှာဖွား၊ တို့သွေးသားတည့်
စကားလည်းတည်၊ ရဲသွေးနီလျက်
ဤမြေအတွက်၊ တို့အသက်ကို
ရက်ရက်မရွံ့၊ ပေးဆက်ဝံ့၏
စွန့်လွှတ်စွန့်စား၊ မြန်ပြည်သားတို့
ဝင့်ကြွားစွမ်းဆောင်၊ သတ္တိပြောင်သော်
အောင်တိတ် အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်
အောင်ရိပ်ဝေစည် ငါတို့ပြည်။
သူ့ကျွန်ဘယ်တော့ မဖြစ်ပြီ။
မျိုးချစ်မြန်မာ ပီရမည်။ ။

မြင်းမူမောင်နိုင်မိုး

# ညအိပ်ချိန် ဖုန်းကိုဝေးဝေးမှာထားပါ

ပေါက်ပေါက်

### ဖုန်းကိုအနားမှာထားပြီး မအိပ်စက်သင့်သောအကြောင်း

ရှေးကာလများက အိပ်ရာဆိုသည်မှာ နားနားနေနေအိပ်စက်အသုံးပြုရန်အတွက်သာ သီးသန့်ဖြစ်သည်။ သို့သော် စမတ်ဖုန်းများ၊ တက်ဘလက်၊ လက်ပ်တော့ စသည်တို့ကို လူတန်းစေ့နီးပါး သုံးစွဲလာနိုင်ကြပြီဖြစ်ရာ ယင်းပစ္စည်းများမှာလည်း အိပ်ရာထဲကို ကျူးကျော်ဝင်ရောက်လာခဲ့ကြလေသည်။ ဖုန်းကို ဘာကြောင့် အိပ်ရာထဲယူပြီး မအိပ်သင့်သလဲ အဖြေက အောက်ပါအတိုင်းဖြစ်သည်။

ဖုန်းက အိပ်ရေးပျက်စေသည်။ ဖုန်းကထုတ်လွှတ်လိုက်သည့် အပြာရောင်အလင်းရောင်စဉ်တန်းက အိပ်စက်ခြင်းကိုအနှောင့်အယှက်ပေးသည်။ ယင်းအလင်းရောင်စဉ်တန်းက ဦးနှောက်ထဲရှိ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေနိုင်သည့် Melatonin (ခေါ်) ဦးနှောက်ပိုင်းဆိုင်ရာဓာတုပစ္စည်းကို အလွန်အမင်းလှုံ့ဆော်နှိုးဆွပေးနေသဖြင့် အိပ်မရခြင်းကို ဖြစ်စေသည်။ ဖုန်းကိုစက်ပိတ်ထားသည့်တိုင်အောင် ယင်းအီလက်ထရွန်နစ်ပစ္စည်း၏ မျက်နှာပြင်က အလင်းထုတ်လွှတ်နိုင်သေးသည်ဖြစ်ရာ အထူးသဖြင့် ကလေးများအိပ်မောကျခြင်း မဖြစ်စေနိုင်ပေ။ ကလေးများ အိပ်ရာထဲတွင် ဖုန်းကိုထားပြီးအိပ်စက်ခြင်းက ၎င်းတို့သက်တမ်းတစ်လျှောက် အဝလွန်ခြင်းနှင့် ဆီးချိုရောဂါကိုဖြစ်စေနိုင်ရုံမျှမက Alzheimer's (ခေါ်) အရွယ်မတိုင်မီ ဦးနှောက်ဇရာအကြိုရောဂါဖြစ်ရန် သေချာနေပေသည်။ အိပ်ရေးမဝခြင်းက ဦးနှောက်ထဲရှိ Ghrelin (ခေါ်) အစာစားချင်စိတ်ကို ချိုးနှိမ်ပေးနိုင်သည့် ဟော်မုန်းထွက်ရှိမှုကို ကမောက်ကမဖြစ်စေသောကြောင့် ဗိုက်ဆာခြင်းနှင့် အာသာမပြေခြင်းတို့ကိုခံစားလာရသည်။ အထူးသဖြင့် အဆီနှင့်အချိုဓာတ်လွန်ကဲသော အစားအစာများကို စားလိုစိတ်ပြင်းပြလာတတ်သည်။

### နိုင်ငံတကာလေ့လာမှုမှတ်တမ်းများ

– လေ့လာမှုမှတ်တမ်းအရ အင်္ဂလန်နိုင်ငံရှိ အသက် ၁၄ နှစ်အောက်ကလေးများတွင် အီလက်ထရွန်နစ်သုံးစွဲခြင်းကြောင့် အိပ်ရေးပျက်သူဦးရေသည် တစ်စတစ်စပိုများလာကြောင်း NHS Data မှ သတင်းထုတ်ပြန်ထားသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဖုန်းနှင့်တက်ဘလက်များက စိတ်ဖျော်ဖြေရေးပစ္စည်းတစ်ခုအဖြစ် ၎င်းတို့အိပ်ရာထဲတွင် စိုးမိုးနေကြ၍ဖြစ်သည်။

– တစ်ဖန် ဗြိတိန်နိုင်ငံ၏စစ်တမ်းအရ အသက်ကိုးနှစ်မှစ၍ ဆယ်ကျော်သက်အရွယ်များတွင် အနည်းဆုံးဖုန်းတစ်လုံးခန့် ၎င်းတို့အိပ်ခန်းထဲတွင် နေရာယူထားကြကြောင်း၊ ဗြိတိန်နိုင်ငံလုံးဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမများညီလာခံအစီရင်ခံစာအရ ၎င်းတို့ကျောင်းရှိ ဆယ်ကျော်သက်ထက်ဝက်ကျော်က တစ်ရေးနိုးအချိန်တွင် ဖုန်းကိုဖွင့်၍ ညလုံးပေါက်နီးပါးသုံးတတ်ကြောင်း လေ့လာသိရှိရသည်။ ဤစစ်တမ်းကို King's College London မှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၂၅၀၀၀ ကို လေ့လာခဲ့ခြင်းဖြစ်သည်။

– ထို့အတူ ကနေဒါနိုင်ငံ၌ ပျမ်းမျှအသက်ကိုးနှစ်မှ ၁၁ နှစ်အရွယ် ကလေးများမှာ အိပ်ချိန်နည်း၍ ခန္ဓာကိုယ်အဝလွန်ခြင်းပြဿနာနှင့် တွေ့ကြုံနေရကြောင်း ကနေဒါနိုင်ငံထုတ် Public Health ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။

– လန်ဒန်ရှိ The Sleep School မှ အိပ်စက်ခြင်းဆိုင်ရာ ကျန်းမာရေးသုတေသီတစ်ဦးကလည်း လူသားများ၏ ဦးနှောက်သည် အသက် ၂၁ နှစ်တိုင်အောင် ဖွံ့ဖြိုးလေ့ရှိကြောင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုဖြစ်စဉ်သည် ညဘက်အိပ်ပျော်နေစဉ် ဇီဝဖြစ်တည်လေ့ရှိကြောင်း၊ ကောင်းစွာအိပ်မပျော်ခြင်းကြောင့် အတွေးအခေါ်ပိုင်းဆိုင်ရာ စဉ်းစားဉာဏ်ကို ဒုက္ခပေးနိုင်ကြောင်း ထို့ကြောင့် ဆယ်ကျော်သက်အရွယ်တွင် ကာလတာရှည်အိပ်ရေးမဝခြင်းက အနာဂတ်အတွက် ကြောက်စရာဖြစ်ကြောင်း အကြံပြုထားသည်။

– စင်ကာပူနိုင်ငံရှိ ဆေးသုတေသနပညာရှင်များသည် ဟန်းဖုန်း၏ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များက ကင်ဆာရောဂါနှင့် ဆက်စပ်မှုရှိ၊ မရှိအခြေအနေကို လေ့လာဆန်းစစ်ရာ လူငယ်တို့တွင် ဦးနှောက်ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ စင်ကာပူနိုင်ငံ၏ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အထူးတာဝန်ရှိသူ၏ပြောကြားချက်အရ အသက် ၂၀ နှစ်အောက်လူငယ်များတွင် မိုဘိုင်းလ်ဖုန်းကို အချိန်ကြာမြင့်စွာအသုံးပြုပါက ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေနိုင်ကြောင်း၊ ထိုလူငယ်လူရွယ်တို့၏ဦးနှောက်မှာ မှတ်ဉာဏ်အားလျော့နည်းစေပြီး ဦးနှောက်အာရုံကြောလေးများမှာ အလွန်တရာပါးလွှာလျက်ရှိကြောင်း၊ အဆိုပါဟန်းဖုန်း၏ ရေဒီယိုသတ္တိကြွဓာတ်က သုံးစွဲသူလူငယ်များ၏ ဦးနှောက်နှင့်အာရုံကြောကို အလွန်အန္တရာယ်ပေးနိုင်ခြင်းကြောင့် ဦးနှောက်ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

– ယူကရိန်းနိုင်ငံ သိပ္ပံပညာအကယ်ဒမီမှ ဆေးပညာရှင်တစ်ဦး၏ လေ့လာတွေ့ရှိချက်အရ ဟန်းဖုန်းသည် လူသားများ၏ကျန်းမာရေးအတွက် အန္တရာယ်အရှိဆုံးအရာတစ်ခုဖြစ်နေကြောင်း ယခုကဲ့သို့ ဖော်ပြထားသည်။ စမတ်ဖုန်းနှင့် ကြိုးမဲ့ကိရိယာတက်ဘလက်မှ ထုတ်လွှတ်နေသော ရေဒီယိုလှိုင်းများသည် ကျန်းမာရေးပြဿနာအမြောက်အမြားဖြစ်ပေါ်စေနိုင်ကာ ကင်ဆာရောဂါမှစ၍ ဦးနှောက်ရောဂါများဖြစ်ကြသော ပါကင်ဆန်နှင့်အယ်လ်ဇိုင်းမားရောဂါတို့ကို ချိတ်ဆက်ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ အဆိုပါဖြစ်ပွားမှုကို ဆေးသိပ္ပံနည်းအရ စိတ်ဖိစီးမှုအောက်ဆီဒေးတစ်ဖ်ဟုခေါ်၍ ၎င်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် မဖွံ့ဖြိုးခြင်းရောဂါစုကိုဖြစ်စေနိုင်ကြောင်း၊ ထိုရေဒီယိုကြိမ်နှုန်းနှင့်ရေရှည်ထိတွေ့မှုကြောင့် ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အရေပြားယားယံခြင်းတို့ကို ခံစားရနိုင်သည်။

### ဟန်းဖုန်းသုံးစဉ်သတိယူဉ်

တိုးတက်ခေတ်မီလာသော အင်တာနက်ခေတ်ရေစီးကြောင်းနှင့်အညီ စာရေးသူတို့ မြန်မာနိုင်ငံ၌လည်း လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်မှစ၍ လူတိုင်း ဟန်းဖုန်းကိုင်နိုင်သော အခွင့်အရေးရှိလာခဲ့သည်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစသည့် လူမှုရေးရာကိစ္စအရပ်ရပ်အတွက် အချိန်မရွေးအသုံးပြုနိုင်သဖြင့် ဟန်းဖုန်းက အလွန်အရေးပါအရာရောက်ကာ အသုံးတည့်လှသည်။

ဟန်းဖုန်းသုံးစွဲခြင်းအန္တရာယ်နှင့်ပတ်သက်၍ တချို့သူများက သိထားကြပြီး တခြားမသိသေးသောသူအများစုအတွက် အကြံပြုရပါလျှင် –

– ဖုန်းကို ဘယ်ဘက်(ဝဲဘက်)နားဖြင့်သာ နားထောင်ပါ။

– ဖုန်းဘတ်ထရီအား အနည်းငယ်မျှသာကျန်ရှိနေပါလျှင် ဖုန်းနားမထောင်ပါနှင့်။ ထိုအချိန်တွင် ရေဒီယိုသတ္တိကြွနှုန်းက ပုံမှန်ဘတ်ထရီအားပြည့်ချိန်ထက် အဆ ၁၀၀၀ မျှ အကြားအာရုံကို ဝန်အားပိစေပါသည်။

– ဖုန်းကို ခေါင်းအုံးအောက်ထား၍မအိပ်ပါနှင့်။ ဟန်းဖုန်း၏ထောင့်စွန်းမှ ရေဒီယိုသတ္တိကြွဓာတ်များ အချိန်ပြည့်ထုတ်လွှတ်နေသဖြင့် ဦးနှောက်ကိုထိခိုက်စေကာ ဦးနှောက်အကျိတ်/ကင်ဆာ ဖြစ်စေတတ်သည်။

– ညဘက်အိပ်ပျော်နေစဉ် ဟန်းဖုန်းမှထုတ်လွှတ်သော ရေဒီယိုသတ္တိကြွဓာတ်များအန္တရာယ်လျော့ကျစေရန် ဖုန်းကို မိမိနှင့်ခပ်လှမ်းလှမ်းနေရာ၌တင်ထားပါ။ ဖုန်းကို နားနှင့်ကပ်၍မပြောဘဲ Speaker ကိုသာဖွင့်ပြောပါ။ ဖြစ်နိုင်လျှင် ဖုန်းမပြောဘဲ Message ရိုက်၍သုံးပါ။ နံနက်နှိုးစက်အတွက် ဟန်းဖုန်းကိုအသုံးပြုမည်ဆိုပါက Airplane Mode ကို နှိပ်၍သုံးပါ။

### အားသွင်းနေစဉ်ဖုန်းပြောခြင်းက လူကိုသေစေနိုင်

ဟန်းဖုန်းများက အလွန်အသုံးတည့်လှသော်လည်း သတိနှင့်ကိုင်တွယ်တတ်ရန် အထူးအရေးကြီးလှသည်။ မသုံးတတ်လျှင် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း CNN သတင်းတွင် ယခုကဲ့သို့ ဖော်ပြထားသည်။ အမေရိကန်နိုင်ငံမှ ဖြစ်ရပ်မှန်သတင်းတစ်ပုဒ်ဖြစ်သည်။ လူငယ်အမျိုးသားတစ်ဦးသည် ဖုန်းဘတ်ထရီအားသွင်းနေစဉ် ဖုန်းသံမြည်လာရာ အားသွင်းကြိုးမဖြုတ်ဘဲ ဖုန်းပြောခဲ့သည်။ စက္ကန့်အနည်းငယ်အတွင်း ဖုန်းထဲကိုဝင်လာသည့်ဓာတ်စီးအားက မထိန်းချုပ်နိုင်ဘဲ သူ့ကို လွှတ်ပစ်သလို မြေပြင်ပေါ်လဲကျစေခဲ့သည်။ အသံကြားသဖြင့် မိသားစုများ ချက်ချင်းအနားရောက်လာသော်လည်း လက်ချောင်းထိပ်များမီးလောင်သကဲ့သို့ ကွေးကောက်ကာ သတိလစ်နေသည်။ ဆေးရုံရောက်ချိန်တွင် ထိုလူငယ်အသက်မရှိတော့ပေ။

ထို့ကြောင့် ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများက အန္တရာယ်ကင်းစွာအသုံးချတတ်ရန် ဖုန်းဘတ်ထရီနောက်ကျောနှင့် အိတ်ခွံများပေါ်တွင် အောက်ပါအတိုင်း သတိပေးစာရေးထားကြသည်။

– မတူညီ မလိုက်ဖက်သော ဖုန်းအားသွင်းကြိုးဖြင့် ဖုန်းဘတ်ထရီအားမဖြည့်ပါနှင့်။

– ဖုန်းကို ချွန်သည့်အရာဖြင့် ဖိထိုးခြင်း၊ အပေါက်ဖြစ်စေခြင်းမျိုး မလုပ်ပါနှင့်။

– တခြားဓာတ်သတ္တုပစ္စည်းများဖြင့် ဖုန်းကိုမပွတ်မိပါစေနှင့်။

– ဖုန်းကိုအောက်သို့ပြုတ်မကျပါစေနှင့်။

– ဖုန်းကို နေပူထဲ သို့မဟုတ် မီးအပူနားမထားပါနှင့်။

– ဖုန်းကို ရေမစိုပါစေနှင့်။

> **''ညအမှောင်ထဲတွင် မျက်စိမှိတ်ပြီး ဖုန်းပြောခြင်းကလည်း အိပ်စက်မှုကို ထိခိုက်စေသည်။ အဘယ်ကြောင့်ဆိုသော် စမတ်ဖုန်းမှထွက်ရှိသည့် အီလက်ထရွန်နစ်အပြာရောင်အလင်းရောင်စဉ်တန်းက မျက်ခွံမှတစ်ဆင့်ထိုးဖောက်ဝင်ရောက်သွားပြီး အာရုံခံအဖွဲ့အစည်းကို ကမောက်ကမဖြစ်စေကာ အိပ်ချင်စိတ်ကို ကြီးစွာသော အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ညဘက်စမတ်ဖုန်းများကို သုံးစွဲသည့်အခါ လျှပ်စစ်မီးအလင်းရောင်ရရှိနိုင်သော နေရာတွင်သာ သုံးစွဲသင့်သည် . . .''**

– ဖုန်းဝယ်သည့်အခါ ဖုန်းဘတ်ထရီအားသွင်းနည်း၊ အသုံးပြုပုံနှင့် ဘတ်ထရီသက်တမ်း စသည်တို့ကို ညွှန်ကြားချက်ပါစာအတိုင်း လိုက်နာသုံးစွဲပါ။

### ဆယ်ကျော်သက်နှင့် ဖုန်း Chatting

ဆယ်ကျော်သက်အရွယ်အများစုသည် ဟန်းဖုန်းပေါ်တွင် နှစ်သက်စွဲလမ်းလွန်းသဖြင့် ဖုန်းမပါဘဲ အိပ်ရာမဝင်တတ်ကြတော့ပေ။ ညစဉ်ညတိုင်းအိပ်ရာထဲတွင် ဖုန်းဖြင့် Game ဆော့ခြင်း သို့မဟုတ် Chatting ပြောနေကြသဖြင့် အိပ်စက်ချိန်နောက်ကျလေ့ရှိပြီး နောက်တစ်နေ့နံနက် ကျောင်းစာသင်ခန်းထဲရောက်သည့်အခါ အိပ်ရေးမဝဖြစ်ကာ ကျောင်းစာအပေါ် အာရုံမစိုက်နိုင်တော့ပေ။ ထိုသို့စွဲလမ်းခြင်းသည် ပညာရေးကိုထိခိုက်လာစေသည့်အပြင် ကျန်းမာရေး၊ လူမှုရေးများတွင်ပါ ပြဿနာရှိလာနိုင်သည်။

ထိုမျှမက ညအမှောင်ထဲတွင် မျက်စိမှိတ်ပြီး ဖုန်းပြောခြင်းကလည်း အိပ်စက်မှုကိုထိခိုက်စေသည်။ အဘယ်ကြောင့်ဆိုသော် စမတ်ဖုန်းမှထွက်ရှိသည့် အီလက်ထရွန်နစ်အပြာရောင်အလင်းရောင်စဉ်တန်းက မျက်ခွံမှတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားပြီး အာရုံခံအဖွဲ့အစည်းကို ကမောက်ကမဖြစ်စေကာ အိပ်ချင်စိတ်ကို ကြီးစွာသောအနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ညဘက်စမတ်ဖုန်းများကိုသုံးစွဲသည့်အခါ လျှပ်စစ်မီးအလင်းရောင်ရရှိနိုင်သော နေရာတွင်သာ သုံးစွဲသင့်သည်။ ယင်းလျှပ်စစ်မီးအလင်းရောင်က ဖုန်းထဲမှယိုစိမ့်ထွက်လာသည့် အပြာရောင်အလင်းရောင်စဉ်တန်းကို တန်ပြန်တိုက်ထုတ်ပေးနိုင်၍ ဦးနှောက်မှ Melatonin ဓာတ်ထွက်ရှိလာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကာ အိပ်မပျော်ခြင်းပြဿနာကို သက်သာပြေလျော့စေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ကလေးများ အိပ်ရေးမပျက်စေရေးအတွက် မိဘများကလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ မိဘကိုယ်တိုင် ဖုန်းကိုအိပ်ရာထဲတွင် အသုံးပြုနေခြင်းက သား၊ သမီးများအတွက် မှားယွင်းသော အတုယူမှုဖြစ်စေသည်။ အထက်ဖော်ပြပါ အိပ်ရေးပျက်ခြင်းဆိုင်ရာ ကျန်းမာရေးပြဿနာမျိုးကို ဆယ်ကျော်သက်အရွယ်များသာမက အရွယ်ရောက်ပြီးသူ လူကြီးများလည်း မလွဲမသွေ တွေ့ကြုံခံစားရနိုင်သည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံမှ လူထုကျန်းမာရေးအသင်းအဖွဲ့တစ်ခုမှ ဆယ်ကျော်သက်များကိုဦးတည်၍ ပညာပေးဆောင်ပုဒ်တစ်ခုထုတ်ပြန်ခဲ့သည်။ ယင်းဆောင်ပုဒ်မှာ FOMO(Fear of Missing Out) ဖြစ်ပြီး ဆိုလိုချက်က ညအိပ်ရာဝင်ခါနီးတိုင်း ဖုန်းကိုပိတ်ထားကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။

ထို့ကြောင့် ညအိပ်ရာဝင်ခါနီး ဖုန်းကိုလုံးဝပိတ်ထားခြင်းက ဘေးအကင်းဆုံးဖြစ်ပေမည်။ အထူးသတိပြုရန်မှာ သာမန်ညအိပ်မီးသီးလေးမှထွက်ရှိသော အလင်းရောင်စဉ်သည်ပင်လျှင် Insomnia (ခေါ်) အိပ်မရခြင်းဝေဒနာကို ခံစားရနိုင်သည်။ ထို့ကြောင့် ဖုန်းမျက်နှာပြင်မှ ထုတ်လွှတ်လိုက်သည့် အပြာရောင်အလင်းရောင်စဉ်တန်းများက ညအချိန်တွင် ကြီးစွာသောကျန်းမာရေးဒုက္ခကိုပေးနိုင်သောကြောင့် အလွန်ဆိုးရွားကြောက်မက်ဖွယ်ကောင်းသည့် အိပ်ရေးပျက်ခြင်းဖြစ်စဉ်ကို ဖြစ်စေနိုင်သဖြင့် ဖုန်းကိုအိပ်ရာထဲတွင်ထား၍မအိပ်ကြရန် အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

# မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိရန်လိုအပ်ကြောင်း၊ ယခုသင်တန်းမှပို့ချသော ဥပဒေအသိပညာများကို လေ့လာမှတ်သားပြီး မိမိတို့၏လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချရန်နှင့်ဥပဒေ၏ အရေးကြီးမှုကို သိရှိကာ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အကြောင်းကို သင်ကြားပို့ချသည်။

ဆက်လက်၍ ပြည်နယ်၊ ခရိုင်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေဘာသာရပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေဘာသာရပ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေဘာသာရပ်နှင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေဘာသာရပ်တို့ကို သင်ကြားပို့ချကြပြီး တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလနှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းအထောက်အကူပြု အထူးတရားပွဲများကျင်းပ

**ချောင်းဆုံ ဩဂုတ် ၃၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိကျောင်းသားလူငယ်များ ပညာရေးထူးချွန်ပြီး လိမ္မာယဉ်ကျေးသော လူကောင်းလူတော်များ ပေါ်ပေါက်လာစေရန်အတွက် မွန်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ဟိတရေဖောင်ဒေးရှင်းနှင့်ပညာရေးဌာနတို့ပူးပေါင်းကာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းအထောက်အကူပြု အထူးတရားပွဲကို ဩဂုတ်လ ၃၀ရက်တွင် ချောင်းဆုံအခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မော်လမြိုင်မြို့ မဟာမြိုင်ကျောင်းတိုက်ဆရာတော် (၁၅)ဘွဲ့ရ ဘဒ္ဒန္တဝိမလာဘိဝံသဟိတရေဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ထံမှ တရားဒေသနာတော်ခံယူနာကြားခြင်း၊ ဆရာတော်အား ဓမ္မပူဇာဆက်ကပ်လှူဒါန်းခြင်းတို့ဆောင်ရွက်သည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းအထောက်အကူပြု အထူးတရားပွဲကို ချောင်းဆုံမြို့နယ်၌ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၂၀ ကျောင်း၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# မိုးကြိုပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း ပဲသီးနှံမျိုးစုံ ဖူလုံပိုလျှံရေး စီမံကိန်းများရေးဆွဲပြီး စိုက်ပျိုးလျက်ရှိရာ ထုံးကြီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်း၌စိုက်ပျိုးခဲ့သော မိုးကြိုပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်းသီးနှံများစိုက်ပျိုးရာတွင် နယ်မြေဒေသအလိုက် ပက်ကြဲစိုက်ပျိုးခြင်း၊ ပေါင်ကြီးတင်စိုက်ပျိုးခြင်းနည်းများဖြင့်စိုက်ကြကြောင်းနှင့် စိုက်ပျိုးရန်မြေပြုပြင်ရာ၌ သီးနှံများအောင်မြင်စေရန်အတွက် နွားချေးမြေဩဇာ တင်း ၁၅၀ ခန့်၊ ယူရီးယား ရှစ်ပြည်၊ တီစူပါ ၂၄ ပြည်၊ ပိုတက်ရှ် ၁၂ ပြည် ထည့်သွင်းစိုက်ပျိုးသည့်အပြင် ဒေသနှင့်ကိုက်ညီသော အပင်ဖြစ်ထွန်းမှုနှင့်အထွက်တိုးနှုန်း၊ အပင်ပေါက်နှုန်း ကောင်းမွန်သော ရေဆင်း ၁၁၊ ရေဆင်း ၁၄ ပဲတီစိမ်းမျိုးများကို ရွေးချယ်ကာ တစ်ဧက အပင်အရေအတွက် ၁၃၀၀၀ ပင်ရရှိရေး မျိုးစေ့ခြောက်ပြည်မှ ရှစ်ပြည်အထိအသုံးပြု၍ ပင်ကြား၊ တန်းကြား (၁၂x၄) လက်မခြားရရှိအောင် စိုက်ပျိုးကြသည်။

အပင်များကိုပြုစုရာတွင် ပဲတီစိမ်းသီးနှံများ၌ ကျရောက်တတ်သည့် အဖျက်ပိုးများဖြစ်သော မြေအောက်ပိုးနှင့် ပင်စည်ထိုးယင်များကာကွယ်နိုင်ရန်အတွက် မျိုးစေ့များအား အင်မီဒါကလိုဗစ်၊ ဖျူရာဒန် ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့်လူးနယ်ပြီး အဝါရောင်မိုစေ့ရောဂါသယ်ဆောင်သည့် ယင်ဖြူများကာကွယ်ရန်အတွက် အပင်သက်တမ်း ၁၄ ရက်သားမှစ၍ ထိသော၊ စားသေပိုးသတ်ဆေးတစ်မျိုးမျိုး ဖျန်းပေးကြောင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ပန်းပြချိန်၊ သီးကင်းဝင်ချိန်တွင် ယူရီးယား ထမင်းစားဇွန်းလေးဇွန်း၊ လက်ချားမှုန့်တစ်ဇွန်းဖျော်၍ တစ်ဧကတွင် ဆေးဖျန်းပုံး ငါးပုံးမှခြောက်ပုံးအထိ နံနက်ပိုင်းတွင် အရွက်အောက်မျက်နှာပြင်တွင် ဆေးဖျန်းခြင်းလုပ်ငန်းများပြုလုပ်ပေးပါက အသီးအပွင့်များပိုမိုအောင်မြင်ကြောင်း သိရသည်။

**ကျောက်ဆည်၊(ခရိုင်ပြန်/ဆက်)**

**စနေနေ့ည ဘောလုံးပွဲ ရလဒ်များ**

အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၃)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၁ | ဘရိုက်တန် | အစ်ဗာ့စ်ချဲ | ၁ | - | ၁ | ဖူလ်ဟမ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | ဆောက်သမ်တန် | လက်စတာ | ၁ | - | ၂ | ဗီလာ |
| အဲဗာတန် | ၂ | - | ၃ | ဘုန်းမောက် | နော်တင်ဟမ် | ၁ | - | ၁ | ဝုလ်ဗ် |

# ရတနာမိုး

➡ အနောက်တောင်ဆီ၊ မှိုင်းညို့ရီလျက်
ချီလေ မိုးစက်၊ မေတ္တာလက်နှင့်
ဆက်ဆက်လှုပ်နှိုး၊ ချစ်သောမိုးရယ်
ဖြိုးဖြောက်သံဝါ၊ မုဒိတာဖြင့်
ရွာပါလေတော့ ရွာပါလေ့။

➡ နွေရက်နေပူ၊ ကြွေကြွေဆူခဲ့
မြူလည်းမလာ၊ ပူမီးဖြာ၍
ရွာခြေတောတန်း၊ ခယောင်းလမ်းတွင်
ရေခန်းခြောက်သွေ့ တငွေ့ငွေ့။

➡ မြေသားလွင်ပြင်၊ ပူရိပ်ဆင်လျက်
သစ်ပင်ဝါးပင်၊ ညှိုးဟန်ပြင်သည်
ရေစင်တောင့်တ၊ ရှင်သန်ရဖို့
ချမ်းမြကြွေသက်၊ မိုးရေစက်ကို
နှစ်သက်ရော်ရမ်း၊ မိုးမျှော်လွမ်း။

➡ အင်းအိုင်ပယ်မြောင်း၊ သာစေကြောင်းရည်
ချောင်းရိုးမြစ်ပြင်၊ အလှဆင်ဖို့
ကြည်ရွှင်လန်းဖြာ၊ ဝမ်းမြောက်စွာနှင့်
လယ်ယာကောင်းကျိုး၊ စည်ပင်တိုးအောင်
ကြိုးစားဝေဆာ၊ စေတနာဖြင့်
ရွာပါလေတော့ ရွာပါလေ့။

➡ ထာဝရမိုး၊ မေတ္တာနှိုးလျက်
အငြိုးကင်းကွာ၊ မုဒိတာဖြင့်
သစ္စာရေဖျန်း၊ လျှပ်ရောင်တန်းကာ
ငြိမ်းချမ်းစိုပြေ(ပြည်)၊ အလှဝေအောင်
ရွှေမိုးငွေမိုး ရွာသွန်းဖြိုး။
အများအကျိုး ရွက်သယ်ပိုး။
လောကမြတ်နိုး ရတနာမိုး။ ။

**မင်းသစ်ဝင်း**

**သဇင် (FM)အသံလွှင့်အစီအစဉ်**

၁-၉-၂၀၂၄(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| | | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)ကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိသမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း သို့သွားရောက်ပြီး ဆရာ၊ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆရာ၊ ဆရာမ များ၏တင်ပြချက်များအပေါ် လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပထမနှစ်နှင့် ဒုတိယနှစ် တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူလေးများကိုလိုက်လံနှုတ်ဆက်၍ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပ သောအရှေ့တောင်အာရှ(ဆီးဂိမ်း)ပြိုင်ပွဲတွင် ရိုးရာခြင်း ခြောက်ယောက်တွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 4 ၌ ပထမ ရွှေတံဆိပ်ဆု၊ တစ်ဦးချင်းပြိုင်ပွဲ အခြေခံ အထိ ခြောက်ချက်ပြိုင်ပွဲ Event 3 ၌ ဒုတိယ ငွေတံဆိပ်ဆု၊ ခြောက်ယောက်တွဲ အခြေခံ အထိ ခြောက်ချက်ပြိုင်ပွဲ Event 2 ၌ ဒုတိယ ငွေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ ဂုဏ်ဆောင် ဒုတိယနှစ်ကျောင်းသူ မမှုံနံ့သာ ကို ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေတို့ဖြင့် တည်ဆောက်နေ သော သုံးထပ်သင်တန်းသားအိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာအချိန်မီပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ပညာရေးကောလိပ်မှ အငြိမ်းစား ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ကိုယ်တိုင် ဦးစီး၍ ကန်ကြီးထောင့်မြို့နယ် ကံကုန်း ကျေးရွာရှိ လယ် ၅ ဧကတွင် စပါးပြီးစပါး စိုက်ပျိုးနေမှုအခြေအနေကို သွားရောက် လေ့လာကြည့်ရှုကြသည်။

ကံကုန်းကျေးရွာမှ ဒေါ်ခင်အုန်းမြင့်၏ လယ် ၅ ဧကအတွက် အနက်ပေ ၁၇၀ တွင်းတိမ်တူးပြီး ၃ လက်မ Pump၊ 2 Horse Power ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက် ပေးခဲ့ရာ မိုးကြိုရာသီတွင် ဆင်းသုခစပါးမျိုး စိုက်ပျိုး၍ တစ်ဧကတင်း ၆၀၊ မိုးရာသီတွင် ရက် ၉၀ စပါးမျိုး စိုက်ပျိုး၍ တစ်ဧက ၆၂ တင်း၊ နွေစပါးကို ဆင်းသုခစပါးမျိုးစိုက်ပျိုး၍ တစ်ဧက ၁၀၅ တင်းနှုန်း ထွက်ရှိခဲ့ရာ ယင်းကဲ့သို့ လယ် ၅ ဧကတွင် တစ်နှစ်ပတ်လုံး စပါးပြီး စပါးစိုက်ပျိုးခဲ့ခြင်းအတွက် စုစုပေါင်း လယ် ၁၅ ဧကမှ ထွက်ရှိသောစပါးများ ရောင်းချ ပြီးအမြတ်ငွေမှာ သွင်းအားစုနှင့် စိုက်ပျိုး ရိတ်သိမ်းစရိတ်များနုတ်ပြီး အသားတင် ၁၁၅ သိန်း ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာသို့ရောက်ရှိပြီး နေကြာ စိုက်ပျိုးသည့်တောင်သူများနှင့် တွေ့ဆုံရာ ကြာဖြူကျေးရွာအုပ်စု သမဝါယမအသင်း ဥက္ကဋ္ဌ ဦးဝင်းဗိုလ်က ၂၀၂၃ ခုနှစ် နေကြာ စိုက်ပျိုးထုတ်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နေကြာအထွက်တိုးရန် စိုက်ပျိုးထုတ်လုပ် နိုင်ရေးအတွက် လိုအပ်ချက်များ မှာကြား ကာ ရုရှားနိုင်ငံထုတ် စိုက်ပျိုးရေးသုံးဆေး ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။


ယင်းနောက် ဝါးခယ်မမြို့နယ် ဝဲရွာ ကျုံစိန်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျောင်းစု-ကျုံစိန် ကျေးရွာ ချင်းဆက်ကွန်ကရစ်လမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ အဆိုပါလမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း၊ စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၅ သန်းတို့ဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၁၅ ရက်ထိ ခင်းကျင်းလျက်ရှိရာ ပြီးစီးမှု ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **(၅၀၀)**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

(၂၆-၈-၂၀၂၄ ရက်နေ့မှအဆက်)



**ဏ / နဂျီး /**

**ဏ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ငါးလုံး မြောက်ဗျည်းအက္ခရာဖြစ်သည်။ ဏကြီးဟုခေါ်သည်။ ပါဠိဘာသာတွင် နငယ်နှင့်ဏကြီး အသံလည်းမတူ၊ ဌာန်လည်းမတူပါ။ နငယ်သည် ဒန္တဇအက္ခရာ၊ ဏကြီးသည် မုဒ္ဓဇအက္ခရာဖြစ်သည်။ မြန်မာဘာသာ တွင်မူ နငယ်နှင့် ဏကြီး နှစ်ခုလုံးကို မုဒ္ဓဇအက္ခရာများအဖြစ် အသံ တူ ရွတ်ဖတ်ကြသည်။ မြန်မာတို့က လျှာထိပ်အက္ခရာများအဖြစ် ရွတ်ဖတ်ကြသည်။မြန်မာတို့အတွက် နငယ်တွင်သာအနက်ရှိ၍ ဏကြီး တွင်အနက်မရှိပါ။ ဏကြီးသည် ဋဝဂ်ဗျည်း ငါးလုံးတွင် ပဉ္စမဗျည်း ဖြစ်သည်။ ထို့ကြောင့် ဋဝဂ်၏ ပဉ္စမက္ခရာဟုခေါ်သည်။ ဋဝဂ်တွင် အဆုံးဗျည်းဖြစ်သဖြင့် ဝဂ္ဂန္တဗျည်းဟုလည်း ခေါ်သည်။ မြန်မာဘာသာ တွင် ဏကြီးသည်အနက်မရှိပါ။ ပါဠိဘာသာ၊ သက္ကတဘာသာတို့တွင် သာ ဏကြီးအနက်ရှိသည်။ “ဏကြီးအက္ခရာကား မိမိပင်ဝဂ္ဂန္တဖြစ်၍ ယှဉ်ဖက်ဗျည်း၏ အထက်၌သာဆင့်ရလေသည်။ အောက်အဖို့၌ မဆွဲသင့်သောကြောင့် အရေးမကျွမ်းသောအရာ၊ အလျင်တဆော ရေးသောအရာတွင်မျှသာ စိုးစဉ်းမပီပြင်ရှိရာ၏။ အတင့်အတယ် ရေးမှု ကားအရာခပ်သိမ်းအသွင်မဖောက်သင့်”ဟု ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် မှာထားပါသည်။

**ဏကြီး**သည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။



**တ / တဝမ်းပူ /**

**တ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ခြောက် လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ တဝမ်းပူဟု ခေါ်သည်။ ဝမ်းပူ သော တ ဟုဆိုလိုသော်လည်း ယခုအခါမှာသော်လည်းကောင်း၊ ရှေးအခါကသော်လည်းကောင်း တဝမ်းပူတွင် ဝမ်းပူသည့်အသွင် မထင်ရှားပါ။ တထဒဓနဟူသော တဝဂ်ဗျည်းငါးလုံးတွင် ပထမဗျည်း အက္ခရာဖြစ်သည်။ ထို့ကြောင့်တဝဂ်၏ ပထမက္ခရာဟုခေါ်သည်။ သံနှုံ့သံလျော့ဗျည်းဖြစ်သည်။ ယခုအခါ သံညင်းသံလျော့ဗျည်းဟုလည်း ဆိုကြသေးသည်။ တ သည် သုဒ္ဓဗျည်း၊ ထ သည် ကာရိုက်ဗျည်းဖြစ် သည်။ တ ကို ပါဠိဘာသာတွင် ဒန္တဇအက္ခရာ (သွားဌာန်ဖြစ်အက္ခရာ) ဟု ဆိုသော်လည်း မြန်မာတို့က သွားရင်းဖြစ်အက္ခရာဟု သတ်မှတ် ပါသည်။ တ ကို ရွတ်ဆိုရာတွင် လျှာဖျားသည် အထက်သွားထိပ်နှင့် ထိမထိကိုကြည့်၍ ဒန္တဇအက္ခရာနှင့် မုဒ္ဓဇအက္ခရာကို ခွဲခြားနိုင်သည်။ ထိလျှင် ဒန္တဇအက္ခရာ၊ မထိလျှင် မုဒ္ဓဇအက္ခရာဖြစ်သည်။ ပါဠိဘာသာ တွင် တဝဂ်ဗျည်းအားလုံး ဒန္တဇအက္ခရာများဖြစ်သည်။ မြန်မာတို့က သွားရင်းဖြစ် ဗျည်းများဟုဆိုသည်။ အကယ်စင်စစ် ဋဝဂ်ဗျည်းငါးလုံး ကို မုဒ္ဓဇအက္ခရာဟုခေါ်သည့်အတိုင်း တဝဂ်ဗျည်းအားလုံးကိုလည်း မုဒ္ဓဇအက္ခရာ- လျှာထိပ်ဌာန်ဖြစ်အက္ခရာဟု ခေါ်သင့်ပေသည်။ အဘယ် ကြောင့်ဆိုသော် မြန်မာတို့က တဝမ်းပူဝဂ်တစ်ခုလုံးကို ဋသန်လျင်းချိတ် ဝဂ်တစ်ခုလုံး၏အသံဖြင့် ရွတ်ဆိုနေကြခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် လည်း ဋသန်လျင်းချိတ်နှင့် တဝမ်းပူတို့ အသံတူနေသည်ကို ခွဲ၍ သိနိုင်စေရန် တစ်လုံးကို သန်လျင်းချိတ်နှင့်တူသော ဋ - ဋသန်လျင်း ချိတ်၊ တစ်လုံးကို ဝမ်းပူသောတ - တဝမ်းပူဟု မြန်မာတို့က အမည်အား ဖြင့် ခွဲခြားသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုရမည်။

စင်စစ်အားဖြင့် မုဒ္ဓဌာန - မုဒ္ဓဌာန်ကို လျှာထိပ်အရပ်ဟု ဆိုသော် လည်း ယခုအသုံးတွင်နေသော သွားရင်းအရပ်နှင့် အတူပင်ဖြစ်သည် ဟု ယူဆရပါသည်။ တဝမ်းပူနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “တဝမ်းပူ အက္ခရာ၏ သင်္ကေတကား သံယုဂ်ရှိ၊ သံယုဂ်မဲ့ မထူး။ သမသီသံ သမပါဒံ ဟူသည် ကိုလည်းကောင်း၊ အက္ခရာညီဝန်း မချွန်းမထောင့် ဟူသည်ကို လည်းကောင်း ထောက်၍ ရှေ့နောက်ညီမျှလျက် မထောင့်မချွန်း ဝန်းစက်သိသာအောင်ရေးလျှင် သဘောရောက်တော့သည်” ဟူ၍ ရှင်းပြထားပါသည်။

**တဝမ်းပူ**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ထ / ထဆင်ထူး /**

**ထ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ခုနစ် လုံးမြောက်ဗျည်းအက္ခရာဖြစ်ပါသည်။ ထဆင်ထူးဟုခေါ်သည်။ အသံ ထွက်တူနေသော ဗျည်းနှစ်လုံးကို ခွဲခြားနိုင်စေရန် ဗျည်းတစ်လုံးကို ဌဝမ်းဘဲ - ဝမ်းဘဲနှင့်တူသော ဌ၊ ဗျည်းတစ်လုံးကို ဆင်ထူးနှင့်တူသော ထ- ထဆင်ထူးဟု အနွတ္ထအမည် မှည့်ခေါ်ထားသည်။ တဝဂ်ဗျည်း ငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ ဒုတိယက္ခရာဟုခေါ်သည်။ သံနှုံ့သံတင်းဗျည်းဖြစ်သည်။ ယခုအခါ သံညင်းသံတင်းဗျည်းဟုလည်းဆိုသည်။ ထ သည် တ ၏ ကာရိုက်ဗျည်း ဖြစ်သည်။ ထ ကို ပါဠိဘာသာတွင် ဒန္တဇအက္ခရာဟု သတ်မှတ်ထားသော် လည်း မြန်မာဘာသာတွင်မူ မုဒ္ဓဇအက္ခရာဟု ဆိုသင့်ပါသည်။ သွားဌာန် တွင်မဖြစ် သွားရင်းဌာန်တွင် ဖြစ်သည်။ ဌဝမ်းဘဲနှင့် ဌာန်တူဖြစ်သည်။ ထဆင်ထူးနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “သမသီသံ သမပါဒံ ဟူသည်ကိုလည်း ကောင်း၊ အက္ခရာညီဝန်း မချွန်းမထောင့် ဟူသည်ကို လည်းကောင်း ထောက်၍ ရှေ့နောက် ညီမျှလျက် မထောင့်မချွန်း ဝန်းစက်သိသာ အောင်ရေးလျှင် သဘောရောက်တော့သည်။ သံယုဂ်ရှိမဲ့မထူးပြီ။ ဆင်ထူးသဖွယ် အဝန်းညီစေလျှင် သင့်သည်ပင်ဖြစ်၏” ဟု ရှင်းပြထား ပါသည်။

**ထဆင်ထူး**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဒ / ဒွေးဒွေး /**

**ဒ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ရှစ်လုံး မြောက်ဗျည်းအက္ခရာဖြစ်သည်။ ဒထွေးဟုခေါ်သည်။ အထွေးဖြစ်သော ဒ၊ အငယ်ဖြစ်သော ဒ ဟုဆိုလိုသည်။ ဒုတိယကျော်အောင်စံထား ဆရာတော်ကမူ ဒဒွေးဟုဆိုသည်။ မြန်မာဘာသာတွင် ဍရင်ကောက် နှင့် ဒထွေးသည် အသံထွက်တူနေသဖြင့် အသံဖြင့် မခွဲနိုင်၊ အမည်ဖြင့် ခွဲနိုင်စေရန် ဗျည်းအက္ခရာတစ်လုံးကို ရင်ကောက်သော ဍ - ဍရင် ကောက်၊ တစ်လုံးကို အငယ်အထွေးဖြစ်သော ဒ- ဒထွေး၊ တစ်နည်း အဆင့်နှစ်ဆင့်ပါသော ဒ- ဒထွေး (ဒုတိယကျော်အောင်စံထားဆရာ အလိုအရ) ဟု ခွဲခြားခေါ်ဝေါ်ခဲ့ကြသည်။ ဒထွေးသည် တဝဂ်ဗျည်းငါးလုံး တွင် တတိယဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ တတိယက္ခရာ ဟုခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ ယခုအခါ သံပြင်း သံလျော့ဗျည်းဟုလည်းဆိုသည်။ ဒ သည်ပါဠိဘာသာတွင် ဒန္တဇ အက္ခရာဖြစ်သည်။ မြန်မာဘာသာတွင် သွားရင်းဌာန်ဖြစ် အက္ခရာဟု သတ်မှတ်သည်။ ဍရင်ကောက်နှင့်အသံတူသဖြင့် မုဒ္ဓဇအက္ခရာဟု ဆိုရမည်။ ဒထွေးနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဒဒွေးအက္ခရာ၌လည်း သံယုဂ်ရှိမဲ့မထူး၊ အထက်မျက်နှာအစကို ခွေရစ်၍ ရေးကြသည်မှာ အလေ့သာဖြစ်၏။ ကျောက်အဖို့ နောက်အပြင်ကို မညွတ်မချိုးဘဲ ရေးခြင်းသည်ကား သင့်အံ့သို့မထင်။ ဒဒွေးဟူရာ၌ ဒ အက္ခရာသည် အထက်အဖို့ အောက်အဖို့ အကွေးငယ်နှစ်ခုဆင့်၍ တည်၏။ ထိုနှစ်ဆင့်တည်ဟန်အသွင်ကိုလိုက်၍ ဒဒွေးဆိုသကဲ့သို့ရှိ၏။ ဤကို ထောက်လျှင် မခွေမညွတ် မချိုးမတွန့် ရေးကြသည်ကား မသင့်လွန်း။ ခပ်သိမ်းသော မြန်မာမူဝေါဟာရသည် ရှဋ္ဌီ၊ အနွတ္ထ နှစ်ပါးပင် ရှိသည်ကို ထောက်၍ ဆိုလိုက်သည်” ဟု ရှင်းပြထားပါသည်။ ဤကား ဒုတိယ ကျော်အောင်စံထားဆရာတော်၏ မှတ်သားဖွယ် အဆိုအမိန့်တည်း။

**ဒထွေး**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ














မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လေ့လာရေးခရီးသွားရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဩဂုတ်လ ၂၆ ရက်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွှန့်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဩဂုတ်လ ၂၇ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်ခြင်း၊ Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင်ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ခြင်း၊ ဩဂုတ်လ ၂၈ ရက်တွင်ပေကျင်းမြို့ရှိ Great wall သို့ သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့လှည့်လည်ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများ ကြည့်ရှုခဲ့ကြသည်။

အလားတူ ဩဂုတ်လ ၂၉ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်းကျည်ဆန်ရထားဘူတာရုံမှ ပေကျင်း-ကွမ်ကျိုးကျည်ဆန်ရထား အမှတ်၊ G-77 ဖြင့် စီးနင်းလိုက်ပါ၍ Guang zhou မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် Guang zhou မြို့ရှိ Ji Nan တက္ကသိုလ်သို့သွားရောက်ကာ Ji Nan တက္ကသိုလ်၏သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲများအား လှည့်လည်လေ့လာခဲ့ကြပြီး **စာမျက်နှာ ၁၂ သို့ ⏭**



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များအား တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

⏭ စာမျက်နှာ ၁၁ မှအဆက်

ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုများအပေါ် တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်၊ ထို့နောက်လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် Guang Zhou မြို့တွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower အား သွားရောက်လေ့လာကြည့်ရှုခြင်းနှင့် Zhu Jiang မြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် လိုက်ပါစီးနင်း၍ လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုလိုပဲကြားသိရပါတယ်-

**မောင်ဘုန်းမြတ်သာ (ခြောက်ဘာသာဂုဏ်ထူးရှင်၊ သုံးထပ်ကွမ်းလူရည်ချွန်)**

တရုတ်နိုင်ငံရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ မဟာတံတိုင်း၊ ဗုဒ္ဓမြတ်စွယ်တော်လိုနေရာတွေအပြင်သမိုင်းနဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာတွေဖြစ်တဲ့ နွေရာသီနန်းတော်၊ Tiananmen square ပေကျင်းအိုလံပစ်ကျင်းပခဲ့တဲ့ အိုလံပစ်ပန်းခြံတို့ကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ လေ့လာရေးခရီးကို အစကနေအဆုံးကုန်ကျစရိတ်အများကြီး အကုန်အကျခံပြီးတော့ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိတဲ့ သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ခရီးအစကနေအဆုံးထိ ကြီးကြပ်ပေးတဲ့ ကြီးကြပ်ဆရာတွေကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ အနာဂတ်မှာ နိုင်ငံကအားကိုးရတဲ့ သမားတော်ကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားသွားပါမယ်ခင်ဗျာ။ ဒီခရီးစဉ်က တရုတ်နိုင်ငံရဲ့ အထင်ကရနေရာများစွာကို လေ့လာခွင့်ရခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒေသန္တရဗဟုသုတများစွာရရှိခဲ့ပါတယ်။ တရုတ်နိုင်ငံက အားလုံးသိကြတဲ့အတိုင်း ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့အရာတွေ လေ့လာခွင့်ရခဲ့တယ်။ သူတို့ဒီလိုဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုမျိုးကြိုးစားခဲ့တယ်ဆိုတာ ကျွန်တော်တို့အတုယူပြီးတော့ ကျွန်တော်တို့နိုင်ငံအနာဂတ်ကို ပိုကောင်းအောင် တည်ဆောက်သွားမယ်လို့ ခံယူချက်တွေရရှိခဲ့ပါတယ်။




မောင်ဘုန်းမြတ်သာ




မမြသန္တာခင်

**မမြသန္တာခင်(နှစ်ထပ်ကွမ်းလူရည်ချွန်)**

တရုတ်နိုင်ငံရဲ့ ပေကျင်းမြို့နဲ့ကွမ်ကျိုးမြို့ကို သွားရောက်လေ့လာခဲ့ပါတယ်။ ပေကျင်းမြို့မှာဆိုရင် အထင်ကရနေရာတွေဖြစ်တဲ့ Tiananmen square၊ မဟာတံတိုင်း Great wall နဲ့ အိုလံပစ်ပန်းခြံတို့ကို လေ့လာခဲ့ပါတယ်။ ကွမ်ကျိုးမြို့မှာဆိုရင် Ji Nan တက္ကသိုလ်ကို လေ့လာခဲ့ပြီးတော့ ညပိုင်းဆိုရင် ပုလဲမြစ်မှာ အပျော်သင်္ဘောစီးခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ လူနေမှုစနစ်ကို သိခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ ရှေးခေတ်သမိုင်းကြောင်းတွေ၊ စားသောက်ဖွယ်ရာတွေ၊ စည်းကမ်းရှိပုံတွေ၊ စက်မှုဖွံ့ဖြိုးတိုးတက်တဲ့ပုံတွေကို လေ့လာခဲ့ပါတယ်ရှင်။ သမီးအပါအဝင်သမီးတို့လို ထူးချွန်ကျောင်းသားတွေကို တရုတ်နိုင်ငံကိုလေ့လာခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တာဝန်ရှိသူအကြီးအကဲအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

(၁၀၀)

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့် သတ်မှတ်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိသတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် မြောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့(Hainggyigyun) ၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၈၅ မိုင်ခန့်၊ သံတွဲမြို့ (Thandwe) ၏ အနောက်ဘက် ရေမိုင် ၅၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့(Vishakhapatnam) ၏ အရှေ့ဘက်ရေမိုင် ၆၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့ (Gopalpur)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၈၅ မိုင်ခန့်၊ ကာလင်ဂါပတ္တနမ်မြို့ (Kalingapatnam)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ့ ၁၈ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ့ ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသတောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့ (Vishakhapatnam) နှင့် ဂိုလ်ပါပူမြို့ (Gopalpur) တို့အကြား ကာလင်ဂါပတ္တနမ်မြို့ (Kalingapatnam) အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

၃၁-၈-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



# အသက်အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြပါစို့



**မော်တော်ဆိုင်ကယ်ရဲ့အသုံးဝင်မှု**

မော်တော်ဆိုင်ကယ်တစ်စီးသည် လူတို့၏နေ့စဉ်လှုပ်ရှားရုန်းကန်နေရသည့် လူနေမှုဘဝအတွက် မရှိမဖြစ်လိုအပ်လာသည့် အရာဖြစ်လာနေပြီဖြစ်သည်။ ကုန်ကျစရိတ်အားဖြင့် မော်တော်ကားတစ်စီးထက်များစွာ သက်သာနေသော်လည်း မော်တော်ဆိုင်ကယ်တစ်စီး၏ အသုံးဝင်မှုကားများစွာပင်။ အသိသာဆုံးသောအကျိုးကျေးဇူးတစ်ခုမှာ စက်သုံးဆီကိုလျှော့ချနိုင်ပြီး ကုန်ကျစရိတ်သက်သာခြင်းပင်ဖြစ်သည်။ ကိုယ်ထည်အရွယ်အစားကလည်း ကားတစ်စီးထက် များစွာသေးငယ်နေသဖြင့် ရပ်နားစရာနေရာရှာဖွေနေရသည့် အခက်အခဲကလည်း လွတ်မြောက်နိုင်မည်ဖြစ်သည်။ ပြင်ဆင်ထိန်းသိမ်းရသည့်ကုန်ကျစရိတ်ကလည်း ကားတစ်စီးထက်များစွာသက်သာနေမည်မှာ အမှန်ပင်ဖြစ်သည်။

လမ်းပိတ်၊ လမ်းကျပ်သည့်နေရာများကို ရှောင်လွှားကာ လမ်းကြိုလမ်းကြားမှလည်း မောင်းနှင်သွားနိုင်သဖြင့် လမ်းပိတ်သောကြောင့် လုပ်ငန်းခွင်သို့နောက်ကျစွာရောက်သွားရနိုင်သည့် စိုးရိမ်စိတ်များကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ သွားလိုသည့်နေရာကို သွားလိုသည့်အချိန်တွင် လွယ်လင့်တကူမောင်းနှင်သွားလာနိုင်သည့်ဆိုင်ကယ်ကလေးများသည် အိမ်တိုင်းတွင် လှလှပပတည်ရှိလို့နေကြပြီဖြစ်သည်။ အိမ်သူသက်ထားအတွက် ဈေးသွားဖို့လည်း သုံးနိုင်သည်။ သားသားမီးမီးလေးများကို ကျောင်းပို့ဖို့လည်းသုံးနိုင်သည်။ အလုပ်သွားဖို့လည်းသုံးနိုင်သည်။ အားလပ်ရပ် အပျော်ခရီးထွက်ဖို့လည်းသုံးနိုင်သည်။ စရိတ်စကသက်သာသည့်ဆိုင်ကယ်တစ်စီးရှိခြင်းက မိသားစု၏နေ့စဉ်လုပ်ငန်းဆောင်တာများကို အဆင်ပြေချောမွေ့စေသည်။ လျှပ်စစ်မော်တော်ဆိုင်ကယ်များကလည်း ဈေးကွက်အတွင်းသို့ ပုံစံအမျိုးမျိုးဖြင့် ချင်းနင်းဝင်ရောက်လာနေကြပြီဖြစ်သဖြင့် ထိုအခွင့်အရေးများကို အကျိုးရှိရှိအသုံးပြုတတ်ကြရန်သာလိုသည်။

**ဆိုင်ကယ်လေးနဲ့လျှောက်လို့လည်**

မြို့ပြ၏မွန်းကျပ်မှုဒဏ်ကို ခံစားနေရသူများအတွက် ဆိုင်ကယ်မောင်းနှင်ကာ ခရီးထွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အလှအပများကို တိုက်ရိုက်ထိတွေ့ခံစားကာ စိတ်ပူပင်သောကများကို ဖြေဖျောက်နိုင်သည်။ တောတောင်ရေမြေသဘာဝအလှတရားများကိုခံစားနိုင်ရန်အတွက် ဝါသနာတူအုပ်စုများဖွဲ့၍ ဆိုင်ကယ်မောင်းနှင်ကြသူများလည်း ရှိလာသည်။ အားလပ်ချိန်များတွင် လတ်ဆတ်သောလေကောင်းလေသန့်ရနိုင်မည့် မိမိအတွက်စိတ်ခံစားမှုအသစ်အဆန်းများကို ပေးစွမ်းနိုင်မည့်နေရာဒေသတစ်ခုသို့ ဆိုင်ကယ်လေးတစ်စီးဖြင့် ခရီးထွက်ခြင်းအားဖြင့် စိတ်လှုပ်ရှားပျော်ရွှင်မှုများကို ခံစားရနိုင်သည်။ ဆိုင်ကယ်မောင်းနှင်ရင်း သဘာဝအလှအပတရားများကို စိတ်လှုပ်ရှားရင်ခုန်စွာခံစားနေစဉ်တွင် ခန္ဓာကိုယ်အတွင်း လန်းဆန်းတက်ကြွမှုကိုပေးစွမ်းနိုင်မည့် dopamine၊ oxytocin၊ endorphin၊ serotonin၊ adrenaline စသည့် ဟော်မုန်းများထွက်ရှိနိုင်သဖြင့် ဆိုင်ကယ်မောင်းနှင်ခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ဆေးပညာရပ်ဆိုင်ရာလေ့လာမှုများအရ မော်တော်ဆိုင်ကယ်တစ်နာရီခန့်မောင်းနှင်ခြင်းဖြင့် ကယ်လိုရီ ၂၀၀ မှ ၃၀၀ ခန့်အထိ လောင်ကျွမ်းနိုင်သည်ဟုလည်း သိရသဖြင့် ကျန်းမာရေးအတွက်လည်း အထောက်အပံ့ဖြစ်နိုင်သည်။

**ပျော်ပျော်ရွှင်ရွှင်စီးစေချင်**

မိမိ၏လူနေမှုဘဝ အဆင်ပြေလှပစေရေးအတွက် ဆိုင်ကယ်မောင်းနှင်ကာ နေ့စဉ်သွားလာနေထိုင်ကြရသူများအတွက် ပျော်ပျော်ရွှင်ရွှင်ဖြင့် အန္တရာယ်ကင်းကင်းမောင်းနှင်ဖို့ကလည်း အရေးကြီးသည်။ သဘာဝတရားနှင့်မောင်းနှင်သူတို့အကြား အတားအဆီးမရှိ လွတ်လပ်စွာထိတွေ့နိုင်သည်ဆိုသည့်အချက်သည် သတိထားဆင်ခြင်မှုမရှိပါက မိမိ၏အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နိုင်သည်အထိဖြစ်တတ်သည်။ ဆိုင်ကယ်မောင်းနှင်ခြင်းဖြင့် ပျော်ရွှင်ခြင်းကိုအပြည့်အဝခံစားကာ လိုရာခရီးရောက်ရှိနိုင်ဖို့အတွက် သတိပြုအပ်သည့်အရာများအနက် လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သောဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရန်ကလည်း အလွန်အရေးကြီးသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်သည့် Global Status Report on road safety – 2023 အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်အတွင်း Road Accident ကြောင့် သေဆုံးသူ ၁ ဒသမ ၁၉ သန်းခန့်ရှိပြီး ၂၁ ရာခိုင်နှုန်းခန့်သည် မော်တော်ဆိုင်ကယ်မတော်တဆမှုများကြောင့်ဖြစ်ရသည်ဟုသိရသည်။ ဆိုင်ကယ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးမှုအများစုမှာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းထားခြင်းကြောင့် ဦးခေါင်းထိခိုက်ဒဏ်ရာရကာ သေဆုံးရသည်ကများသည်ဟုသိရသည်။ အရည်အသွေးပြည့်ဝသောဆိုင်ကယ်စီးဦးထုပ်များဆောင်း၍ မောင်းနှင်ခြင်းက သေဆုံးနိုင်ခြေကို ၆ ရာခိုင်နှုန်းကျော်လျှော့ချနိုင်ပြီး ဦးနှောက်ထိခိုက်မှုကို ၇၄ ရာခိုင်နှုန်းအထိကာကွယ်ပေးနိုင်သည်ဟုသိရသည်။ မိမိအတွက် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် ဆိုင်ကယ်စီးဦးထုပ်ကို မော်တော်ဆိုင်ကယ်မောင်းနှင်သည့် အချိန်တိုင်း ဆောင်းထားရန်သင့်ပေသည်။

**စိုးရိမ်၍ပြောသောစကား**

ကမ္ဘာပေါ်တွင် မော်တော်ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးရသူများတွင် အသက် ၂၅ နှစ်မှ ၂၉ နှစ်အကြား အရွယ်များက အများဆုံးဖြစ်ပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းကြ၍သာဖြစ်ကြသည်က များသည်ဟုသိရသည်။ မြန်မာနိုင်ငံတွင်လည်း မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ပိုမိုများပြားလာသည်ကို တွေ့ရပြီး မော်တော်ဆိုင်ကယ်မတော်တဆမှုများကိုလည်း လမ်းမများထက်တွင် မကြာခဏတွေ့မြင်နေကြရသည်။ ၂၀၁၈ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ်များ၏ ၄၉ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်မတော်တဆမှုများဖြစ်နေပြီး သေဆုံးသူ ၂၄၀၀ ခန့်နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၃၀၀၀ နီးပါးရှိသည်ဟုသိရသည်။ ယာဉ်တိုက်မှုဖြစ်စဉ်များတွင် လူ့ပယောဂကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုက ၉၄ ရာခိုင်နှုန်းခန့်ပါဝင်နေသည်ကိုတွေ့ရသဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် သတိပြုဆင်ခြင်သင့်သည့်အချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်နေကြခြင်းပင်ဖြစ်သည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဆုံးရှုံးနေရသည်ကို တွေ့ရသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှုများမှသည် လမ်းမများထက်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးနေသည်အထိ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ မော်တော်ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်၍ တာဝန်ရှိသူက အသိပညာပေးပြောဆိုသည့်အခါတွင် စိတ်အခန့်မသင့်ဖြစ်ကြရန်မလိုပေ။ မိမိ၏အသက်အတွက် အချိန်ကုန်လူပင်ပန်းခံ၍ လမ်းမများထက်တွင် မိုးရွာရွာနေပူပူ ရာသီဥတုဒဏ်ကိုခံကာ စိုးရိမ်ပူပန်မှုနှင့်အတူ တာဝန်အရပြောနေကြသည့်စကားများကို နားဝင်ကြရန်သာလိုသည်။

**ဥပဒေနှင့်အညီ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများကိုထုတ်ပြန်ခဲ့သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်သူများလိုက်နာရမည့်အချက်များအဖြစ် နည်းဥပဒေ ၃၂၁ (က)တွင်"မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်"၊ နည်းဥပဒေ ၃၂၁(ဇ)တွင် "မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ်ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်ဆင်၍ ဆောင်းထားရမည်”ဟု ပါရှိကြောင်း ဆင်ခြင်နိုင်ရန်အတွက် တင်ပြရခြင်းဖြစ်သည်။

အချို့သော မော်တော်ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့်လည်း ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းကြသော်လည်း မေးသိုင်းကြိုးကို စနစ်တကျတပ်ဆင်အသုံးပြုကြခြင်းမရှိပေ။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားသော်လည်း မေးသိုင်းကြိုးတပ်ဆင်ထားခြင်းမရှိပါက မတော်တဆဖြစ်ချိန်တွင် ဦးထုပ်ကလွင့်စဉ်ထွက်သွားနိုင်ပြီး မိမိဦးခေါင်းမှာ အကာအကွယ်မရှိသကဲ့သို့ဖြစ်သွားပြီး ထိခိုက်ဒဏ်ရာရနိုင်သဖြင့် မေးသိုင်းကြိုးကို စနစ်တကျတပ်ဆင်အသုံးပြုရန် တိုက်တွန်းလိုသည်။ ၂၀၂၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့်ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ (ဂ)အရ ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေသတ်မှတ်ထားသောစံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲမော်တော်ဆိုင်ကယ်ကိုမောင်းနှင်ခြင်းမပြုရ။ ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးသေချာတပ်ဆင်၍ ဆောင်းထားခြင်းမရှိပါက ပုဒ်မ ၈၇ အရ သုံးသောင်းကျပ်ထက်မပိုသော ဒဏ်ငွေကို ချမှတ်ခြင်းခံရနိုင်သည်။


**အန္တရာယ်ကင်းစွာမောင်းနှင်ပါ**

ဆိုင်ကယ်မောင်းနှင်သူများအနက် လူငယ်အချို့မှ တစ်ခါတစ်ရံ အများပြည်သူအသုံးပြုနေသည့်လမ်းမထက်တွင် ဆိုင်ကယ်များကိုသတ်မှတ်မိုင်နှုန်းထက်ပိုကာ ဆူညံစွာမောင်းနှင်တတ်ကြသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ ၃၂၁ (ည)တွင် "မော်တော်ဆိုင်ကယ်၏စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ၊ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ"။ နည်းဥပဒေ ၃၂၁ (ဋ)တွင် "မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာမောင်းနှင်ခြင်းမပြုရ" ဟုတားမြစ်ထားသည်ကို သတိပြုဆင်ခြင်သင့်သည်။ လမ်းမထက်တွင် မိမိ၏မဆင်မခြင်မောင်းနှင်မှုကြောင့် အခြားသူများကိုပါထိခိုက်စေနိုင်သည့်အတွက် သတ်မှတ်မိုင်နှုန်းများအတိုင်း စနစ်တကျမောင်းနှင်ခြင်းဖြင့် လိုရာခရီးသို့အန္တရာယ်ကင်းစွာရောက်ရှိနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မိမိ၏လိုရာခရီးသို့ ရောက်ရှိနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်မောင်းနှင်၍ သွားကြရသူများအနေဖြင့် သတ်မှတ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီသာ မောင်းနှင်ကြမည်ဆိုပါက လိုရာခရီးသို့ပျော်ရွှင်ချမ်းမြေ့စွာရောက်ရှိနိုင်မည်ဖြစ်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ်တွင် မဆင်မခြင်မောင်းနှင်မိ၍ ယာဉ်မတော်တဆမှုကို ဖြစ်ပေါ်စေသည့်အခါ မိမိအပါအဝင်အခြားသူများအတွက် ဆိုးကျိုးများကိုသာဖြစ်ပေါ်စေသဖြင့် အန္တရာယ်ကင်းစွာမောင်းနှင်ကြရန် တိုက်တွန်းလိုသည်။ ယာဉ်မတော်တဆမှုဆိုသည်မှာ လူ့ပယောဂကြောင့်သာဖြစ်ရခြင်းမျိုးမဟုတ်ဘဲ လမ်းအနေအထား၊ ရာသီဥတု၊ ပတ်ဝန်းကျင် စသည့်အခြားအကြောင်းအရာများကြောင့် မမျှော်လင့်ဘဲဖြစ်ရသည်ကလည်းရှိတတ်သဖြင့် ဆိုင်ကယ်ချစ်သူ၊ ဆိုင်ကယ်မြတ်နိုးသူ၊ ဆိုင်ကယ်ဖြင့် နေ့စဉ်လှုပ်ရှားရုန်းကန်နေရသူများအနေဖြင့် အသက်အန္တရာယ်ကိုကာကွယ်နိုင်စေဖို့ ဆိုင်ကယ်စီးဦးထုပ်များကို စနစ်တကျမေးသိုင်းကြိုးတပ်ဆင်၍ ဆောင်းထားကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

လင်းလက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးက တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားမွေးထုတ်ပေးလျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



☆ စာမျက်နှာ ၁၇ မှအဆက်

## လေ့ကျင့်ရေးကို အလေးထား ဆောင်ရွက်ရန်လို

တပ်မတော်(လေ)မှ ပျံသန်းရေးတာဝန်ထမ်းဆောင်နေသူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အသက်နှင့်ရင်း၍ တာဝန်ထမ်းဆောင်ရခြင်းဖြစ်သဖြင့် အမှားခံ၍ ရမည်မဟုတ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်ရန်နှင့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့် တိတိကျကျ Check၊ Recheck၊ Counter check များဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့ ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း အရည်အချင်းများပြည့်ဝပြီး တာဝန်ထမ်းဆောင်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်သားပြည့်ဝနေမှသာလျှင် မိမိကိုယ်ကိုနှင့် မိမိလက်နက်အပေါ် ယုံကြည်စိတ်မြင့်မားမည်ဖြစ်ကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များကိုအောင်မြင်စွာဖြင့် ထူးချွန်စွာဆောင်ရွက်နိုင်မည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့်တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

## သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်မြင့်မားရေး

သက်သာချောင်ချိရေးနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အုပ်ချုပ်သူအဆင့်ဆင့်မှလည်း မိမိတို့တပ်ဖွဲ့များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်စေရေးဆောင်ရွက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)မှအမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)သို့ ရောက်ရှိစဉ် ကျောင်းအုပ်ကြီးက တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားမွေးထုတ်ပေးလျက်ရှိသည့်အခြေအနေများ၊ အမျိုးသမီးအရာရှိများအား တပ်စုမှူးသင်တန်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် လေ့ကျင့်ရေးတာဝန်များ ထမ်းဆောင်နိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းများတွင် လေ့ကျင့်ပေးရမည့်အတွက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း၊ အသိပညာဗဟုသုတနှင့် ခံယူချက်ကောင်းများရရှိစေရေးအတွက် ဟောပြောဆွေးနွေးပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီနှင့် ၎င်းတို့၏မိသားစုဝင်များ၏ လူမှုရေးအခက်အခဲ၊ အကျပ်အတည်းများကိုလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ကူညီဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းအလိုက် စိတ်ဓာတ်နှင့် ခံယူချက်များ ကောင်းမွန်မည်ဆိုပါက တပ်၏အရည်အချင်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ရှိ တပ်ဖွဲ့ဝင်များအားလုံး အရည်အချင်းပြည့်ဝအောင် ပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် အပြည့်အဝလေ့ကျင့်သင်ကြားပေးရန်နှင့် အခြားလေ့ကျင့်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်မှော်ဘီတပ်နယ်အတွင်းရှိသင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီး အရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။





တွေ့ဆုံပွဲတက်ရောက်လာသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ရစဉ်။

**❖ တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် တပ်မတော်(ကြည်း)တစ်ခုတည်းသာမက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့၏ အင်အားနှင့်စွမ်းပကားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ် . . .**

**❖ လေကြောင်းစွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ချမှတ်ထားသည့် ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကို စနစ်တကျဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏ စွမ်းရည်နှင့် စိတ်ဓာတ်များကောင်းမွန်အောင်ဆောင်ရွက်ရန်လို. . .**

**❖ ၂၀၁၄ ခုနှစ်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်၊ အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်ခန့်အပ်ပေးလျက်ရှိ . . .**

**⭑ ရှေ့ဖုံးမှအဆက်**

ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီး အရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်း သူများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီး အရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

**တပ်မတော်(လေ)၏ အခန်းကဏ္ဍ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော် ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် တပ်မတော်(ကြည်း) တစ်ခုတည်းသာမက တပ်မတော်(ရေ) နှင့် တပ်မတော်(လေ)တို့၏ အင်အားနှင့် စွမ်းပကားများကိုလည်း မြှင့်တင်ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ) ကို ခေတ်အဆက်ဆက် အဆင့်မြှင့်တင် တည်ဆောက်ပေးခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များ ကိုလည်းတပ်ဆင်ပေးထားကြောင်း၊ အာဆီယံ နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိမိတို့ နိုင်ငံအနေဖြင့် ဂျက်တိုက်လေယာဉ်များကို စတင်အသုံးပြုနိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များသာမက လေကြောင်းဆိုင်ရာကျွမ်းကျင်သူအရာရှိ၊ စစ်သည်များကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်လျက်ရှိပြီး အမျိုးသမီးအရာရှိ များအနေဖြင့် အမျိုးသားအရာရှိများ နည်းတူ ပျံသန်းရေးတာဝန်များတွင် ထမ်းဆောင်နေပြီဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် မြေပြင် တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့် အရေးကြီးစစ်ဆင်ရေးများတွင် လေကြောင်း ပစ်ကူပေးတာဝန်များကို ဆောင်ရွက်ပေးရ ခြင်းဖြစ်ပြီး မြေပြင်တပ်ဖွဲ့ဝင်များအတွက်

များစွာအထောက်အကူပြုပေးနေသည့် တပ်ဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း တပ်မတော်(လေ)ကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့် စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းစွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ချမှတ်ထားသည့် ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကိုစနစ်တကျ ဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏ စွမ်းရည်နှင့် စိတ်ဓာတ်များ ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုကြောင်း။

## အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍ

တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်အပ်တာဝန်ပေးအပ်ထမ်းဆောင်လျက်ရှိသည်မှာ ရေးယခင်ကတည်းကပင် ရှိခဲ့ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များမှအပ အခြားအမျိုးသမီးစစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှုမရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်ခန့်အပ်ပေးလျက်ရှိကြောင်း။

အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ဘွဲ့ရပြီးကြသူများဖြစ်၍ တက္ကသိုလ်ပတ်ဝန်းကျင် လူမှုဆက်ဆံရေး အတွေ့အကြုံများစွာရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့်အရွယ်များသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် အတိုင်းအတာတစ်ခုသို့ ရောက်ရှိလာပြီဖြစ်သဖြင့် နေ့စဉ်ဆောင်ရွက်ရသည့် လေ့ကျင့်ရေးများမှ စနစ်တကျဆောင်ရွက်တတ်သည့် ကောင်းမွန်သည့်အကျင့်များကိုရရှိလာပြီဖြစ်ကြောင်း၊ မိမိကိုယ်ကို တာဝန်ယူ၍ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ကောင်းမွန်သည့်အကျင့်ပင်ဖြစ်ပြီး စနစ်တကျဖြင့်လုပ်ကိုင်နေထိုင် စားသောက်ပြုမူခြင်းသည် တပ်မတော်၏ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း။

ဗိုလ်လောင်းသင်တန်းပြီးဆုံး၍ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင်လည်း တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ခံယူချက်များ အခြေခံအားဖြင့်ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျ လေ့ကျင့်သွားရန်လိုကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့် စိတ်ဓာတ်ဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများ အောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များကို သင်တန်းကျောင်းတွင်သာမကဘဲ တာဝန်ထမ်းဆောင်ချိန်များ၌လည်း ပြန်လည်လေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် သင်တန်းကာလအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို အသုံးချခြင်းနှင့် မျှဝေပေးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်မှ အားကိုးအားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တွေ့ဆုံပွဲ တက်ရောက်လာသည့် မော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များကို တွေ့ရစဉ်။

### နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်

တပ်မတော်သို့ ဝင်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာကြသူများဖြစ်သဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီးဖြစ်ကြောင်း၊ တပ်မတော်သို့ ဝင်ရောက်လာကြသူများသည် တပ်မတော်သားများ၏ သစ္စာလေးချက်တွင် အမြင့်ဆုံးသစ္စာဆိုချက်ဖြစ်သည့် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဆိုသည့်သစ္စာဆိုချက်အတိုင်း စောင့်ထိန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာဆိုထားသည့် တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ်သစ္စာရှိရမည်ဖြစ်ပြီး ခံယူချက်ကောင်းရမည်ဖြစ်ကြောင်း၊ မိမိတို့၏စိတ်ဓာတ်၊ သစ္စာရှိမှုများဖြင့် ပေးအပ်လာသည့်တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆိုတိုင်တည်ထားသည့်အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့်မိမိတို့ကိုယ်ကို ဂုဏ်ယူ၍ တာဝန်ကိုထမ်းဆောင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံ့အရေး၊ အမျိုးသားအရေးကို ဆောင်ရွက်သွားရမည်သာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

**❖ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်မှ အားကိုးအားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**

**❖ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ် . . .**

**❖ တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံ့အရေး၊ အမျိုးသားအရေးကို ဆောင်ရွက်သွားရမည်သာဖြစ် . . .**

**စာမျက်နှာ ၁၅ သို့** ✯

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks of Hmawby Air Base Headquarters, female cadets of Officers Training School (Army) in Hmawby and trainees of female officer infantry platoon commander course



Senior General Min Aung Hlaing meets Tatmadaw officers and other ranks.

NAY PYI TAW August 31

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing separately met officers, other ranks of Hmawby Air Base Headquarters, female cadets of Officers Training School (Army) in Hmawby and trainees of female officer infantry platoon commander course at the respective halls this morning.

Also present together with the Senior General were SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Yangon Command Commander Maj-Gen Zaw Hein, OTS commandant, officer instructors, trainees of female officers and female cadets.



Senior General Min Aung Hlaing meets instructors, female officer trainees and cadets.

**Role of Tatmadaw (Air)**

In his address, the Senior General said in modernizing the Tatmadaw, the prowess of Tatmadaw(Navy) and Tatmadaw (Air) must also be upgraded, in addition to Tatmadaw (Army). Tatmadaw (Air) has been upgraded throughout the successive periods and reinforced with modern planes and helicopters. Myanmar is the country that uses jet fighters first in ASEAN and Southeast Asia countries. Air Force is continuously producing officer and other rank technicians, apart from air planes and helicopters, and female officers are discharging the duty of flying aircraft like their male counterparts.

Air Force is providing air support for ground transport and important operations. It is much helpful for the ground troops.

In upgrading Tatmadaw(Air), machines and accessories are being provided in addition to aircraft. The work of implementing national defence policies with air power calls for systematic training and high individual ability and morale.

**Role of servicewomen**

Since olden times, Tatmadaw has appointed and assigned duties to servicewomen. But for certain reasons, there was a long interval during which no servicewomen of any other branches except from medical corps were enlisted. In 2014, arrangements were made to enlist female military officers in Tatmadaw, and they are now serving in Tatmadaw (Army, Navy and Air) and various branches of the corps. Moreover, female personnel were also assigned in other ranks and the Tatmdaw continues the servicewomen enlisting program.

Female officer cadets are graduates, so they have a lot of experience in university campus culture and social relationship. They have already reached the age of making own decisions,

See Page -19 ►►

►► From Page -18

and as they have joined the Tatmadaw of own volition, they have firm and correct concept. Systematic training is required for physical and mental fitness and they must pursue the training lessons with firm spirit. They will be successful in training lessons only if their morale is good. Military training indeed is a combat training. They must sharpen the knowledge gained at the course during their service. As cadets have reached a certain point of the daily training they now have the habit of doing things systematically. Taking responsibility is a good practice and a systematic living style is a good practice of Tatmadaw.

After completing the officer training course, it is necessary to maintain oneself in a disciplined manner to become good officers, acting with a sense of awareness in carrying out the assigned duties. It is also important to continuously engage in reading and studying literature and knowledge that will benefit oneself. If consistent study and reading are maintained, it will assist in effectively performing one's duties. Additionally, there should be efforts to utilize and share the knowledge gained from reading. Through reading, memorizing, and discussing, one should aim to strengthen their knowledge. In fulfilling their duties, they must strive to become reliable and trustworthy female officers for the nation and the Tatmadaw.

**To serve duties with pride and Competence, upholding loyalty to the nation and the Tatmadaw**

All who join the Tatmadaw have done so willingly, without the influence or urging of anyone, indicating that they fundamentally possess a good spirit and mindset. Those who join the Tatmadaw are expected to uphold the highest level of loyalty, as reflected in the four solemn oaths: "I pledge to sacrifice my life for my country, my fellow citizens, and my armed forces." Each member of the military, having taken this oath, must remain loyal to themselves, their organization, and their country, maintaining a strong conviction. It is desired that they fulfill the responsibilities assigned to them with competence, demonstrating their dedication and loyalty. Just as the Tatmadaw is a part of the state, the military personnel are also part of the people, originating from among the citizens. They form a committed group sworn to defend the nation, even at the cost of their lives, making them the highest body for the country. Therefore, every member of the Tatmadaw must perform their duties with honor and loyalty to the nation and the Tatmadaw. Additionally, as members of the state service, they must carry out their duties impartially, free from political party affiliations, and engage only in matters concerning the state's affairs and national interests. They perform their duties for the country's development in accordance with the Constitution.

**Training must be prioritized**

For those serving in the Air Force, where duties are performed at the risk of life, there is no room for mistakes. Therefore, to ensure continuous improvement in individual capabilities, they must engage in regular and ongoing training. All routine tasks must be carried out correctly and precisely, employing the methods of check, recheck, and countercheck.

If routine tasks are performed accurately, each individual's capabilities will be fully developed, allowing them to successfully carry out their duties. Only with complete and thorough training will individuals have confidence in themselves and their equipment, enabling them to achieve their mission objectives successfully. Therefore, if training is prioritized, the unit will become one that can excel in its duties and effectively carry out the national defence responsibilities.

**Welfare and high morale**

In terms of welfare, Tatmadaw is providing as much as it can, and the governing levels also need to provide welfare activities for their troops. It is necessary to hold sports events and entertainments to ensure their health and fitness and to work as a team, and to carry out lectures and discussions in order to gain knowledge and good perception. It is also needed to help solve the social difficulties and the crisis of individual soldiers and their family members as much as they can. If the spirit and perceptions of individual soldiers are good, the skills of the army will be high. If all the troops in the Tatmadaw (Army, Navy and Air) are fully competent and cooperate with each other, the defence power of the Tatmadaw will also improve, said the Senior General.

After the meeting, the Commander-in-Chief of the Defence Services and the members warmly greeted and encouraged the officers and other ranks from the headquarters of the Hmawby Air Force Base, the female officer cadet trainees from the Defence Services (Army) Officer Training School (Hmawby) and female trainees from the infantry platoon commander training.

After that, the Commander-in-Chief of the Defence Services and members had lunch together with the female officer cadet trainees from the Defence Services (Army) Officer Training School (Hmawby) and female trainees from the infantry pla-toon commander training, and warmly greeted and encouraged the trainees.

When the Commander-in-Chief of the Defence Services and members arrived at the Defence Services (Army) Officer Training School (Hmawby), the school principal presented and explained about the status of opening and training female officer cadet courses that will strengthen the role of female military personnel in the Tatmadaw, and the status of opening and ability to carry out training duties by platoon commander training for female officers. Regarding the briefings, the Commander-in-Chief of the Defence Services ordered that the training should be fully mastered in the subjects and other training related matters.

Additionally, the Commander-in-Chief of the Defence Services, along with other members, conducted an inspection of the training schools, battalions, and troops at the Hmawby station using vehicles. **100**

# Export demand to China high for Padamya Ngamauk mangoes

MANDALAY August 31

Myanmar's Padamya Ngamauk mango fetches good price in export market this year, said U Kyaw Soe Naing, Secretary of Myanmar Mango Market and Technological Development Association (Mandalay).

At present, Seintalone and Shwehintha mangoes gradually fade out in the market. Now, Padamya Ngamauk mango is exported to Chinese market. This year, one 16-kg basket of mango fetches 100-120 yuan.

"Starting from this month, Padamya Ngamauk mango flows into the market. Two to three truckloads of mango entered China. Quality mango fetches good prices. Hence, farmers need to take care of their fruits to have quality ones. If plucking and packaging are proper, the fruits can fetch good prices," he added.

Myanmar exports Seintalone, Shwehintha, Yinkwe, Padamya Ngamauk and Meithi mango strains to foreign market. This year, per-acre yield of mango declined due to climatic conditions but it fetches good prices.

**SK**

# Kyunhla Township plants more than 9,000 acres of maize this monsoon

KYUNHLA August 31

The statistics of Kyunhla Township Agriculture Department stated that a total of 9,565 acres of croplands have been placed under maize plantations in Kyunhla Township of Sagaing Region this monsoon.

The township earmarked 14,995 acres of maize this monsoon but local farmers have so far planted 9,565 acres against the target.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, said: "Our department helps local farmers grow maize with free from pests to meet the target cultivation."

In 2023-2024 financial year, they earmarked 14,973 acres of maize in the township, but local farmers planted 14,995 acres exceeding the target.

This year, agricultural staff conduct training for local farmers and field demonstration, prevention of FAW and use of pesticides at the maize plantations.

Kyunhla Township yields more than 50 baskets per acre of maize, costing Ks-500,000 per acre.

**SMK**

# More than 7,000 acres of summer paddy reaped in KhinU Township

KHINU August 31

Local farmers have harvested 7,632 acres of summer paddy in KhinU Township of Sagaing Region this year, according to KhinU Township Agriculture Department.

Local farmers started harvesting of summer paddy in June. So far, they have reaped 7,632 acres, yielding 83.92 baskets per acre.

"Local farmers planted 23, 160 acres of summer paddy in KhinU Township. They carry on harvesting. Our department provide agricultural techniques and prevention of pests to local farmers," said U Nay Win Naing, Head of KhinU Township Agriculture Department.

In 2023-2024 summer, the township earmarked 24,000 acres of summer paddy in KhinU Township but local farmers planted 23,160 acres against the target.

Agricultural staff help local farmers increase per-acre yield, use quality strains of paddy seeds and distribute necessary inputs for cultivation in time.

**SK**

# Lavrov warns Russia-Ukraine talks will get harder with time



MOSCOW August 31

Russian Foreign Minister Sergey Lavrov has warned those who are trying to hinder peace talks between Russia and Ukraine that negotiations would become tougher as time passed.

"Russian President Vladimir Putin mentioned potential negotiations a year and a half ago. He said we had nothing against them... Opponents must understand that the longer they take, the harder it will be to agree on anything. It was easy to agree in Istanbul, less than a month after the start of our special military operation. But Ukraine did not want it," Lavrov said in an interview to the RT broadcaster for the documentary Bridges to the East.

The top Russian diplomat stressed that Ukraine's joining NATO was non-negotiable. **Sputnik**

# France unbowed moves to impeach Macron - lawmaker



MOSCOW August 31

The left-wing France Unbowed party moved on Saturday to initiate the the impeachment of French President Emmanuel Macron after he rejected the candidacy of the New Popular Front's Lucie Castets for prime minister.

"The draft resolution to initiate impeachment proceedings against the President of the Republic, in accordance with Article 68 of the Constitution, was sent to the members of Parliament today for joint signature," Mathilde Panot, the leader of the France Unbowed group in the parliament, said on X.

The party lashed back at Macron for turning down its pick for prime minister despite the leftist coalition winning the most seats in the parliamentary runoff in July. **Sputnik**

# Biden, Xi plan for phone call in the coming weeks after Sullivan's trip to Beijing

BEIJING August 31

On the August 30, 2024 edition of The Backstory, host Rachel Blevins discussed top news from around the world, including the possibility of a phone call between Biden and Xi.

The show kicks off with Dr Wilmer Leon, political scientist and co-host of The Critical Hour, sharing his perspective on the Harris/Walz interview with CNN and the latest out of the 2024 elections.

Then, independent journalist and DD Geopolitics co-founder Sarah Bils shares her analysis of the recent F-16 crash in Ukraine and other developments out of the region.

The second hour begins with human rights lawyer Dan Kovalik discussing the U.S. sending more weapons to Israel amid its heaviest assault on the West Bank in decades.

The show wraps up with CGTN journalist Anna Ge sharing her perspective on a potential phone meeting between Xi and Biden.

**Sputnik**

# Weeks of floods in Bangladesh kill 59

DHAKA August 31

Devastating floods of weeks this month in Bangladesh have killed at least 59 people, according to the National Disaster Response Coordination Center (NDRCC) under the Ministry of Disaster Management and Relief.

The center said in its latest update on Saturday that 59 people, including 41 men, six women and 12 children, died in the ongoing floods till Saturday. Most of the serious flooding has been in the country's southeastern Greater Noakhali region so far.

Also, most of the deaths were in the southeastern Noakhali, Cumilla and Feni districts although the flood situation in parts of the northeastern Sylhet region has been deteriorating fast with the rivers inundating vast tracts of land and upending the lives of millions.

More than 5 million people have been affected by the floodwaters that hit 11 of the country's 64 districts and caused colossal damage to life, property and standing crops.

Flood situations in several southeastern districts are now reportedly improving as flood water started to recede from the affected areas. There are still 696,995 people in the districts who are stranded by the floodwaters, according to reports.



Bangladeshi interim government's Chief Advisor Muhammad Yunus urged all concerned to continue their efforts in rescuing stranded people, providing emergency healthcare and extending cooperation for the victims.

The authorities have sent teams of disaster response forces to carry out rescue operations, distribute relief materials and supervise centers where the flood-affected people have taken shelter.

**Xinhua**

# Merchant vessel attacked by missiles off Yemen coast

ADEN August 31

A merchant vessel has reported a missile attack approximately 130 nautical miles east of Aden, Yemen, said the United Kingdom Maritime Trade Operations (UKMTO) on Friday night.

The vessel reported coming under missile fire approximately 130 nautical miles east of Aden, said the UKMTO in a statement posted on social media platform X.

The maritime agency further mentioned receiving an initial report of a missile incident in the area, followed by a more detailed update from the vessel's Company Security Officer (CSO).

According to the CSO, two missiles exploded near the ship. The nature and origin of these missiles remain unclear at this time. The ship's master confirmed that all crew members are safe following the incident, and the vessel is proceeding to its next scheduled port of call.

This attack occurred amid rising tensions in the region, particularly in the Red Sea and the Gulf of Aden, where Houthi rebels from Yemen have been targeting commercial ships in recent months. While no group has yet claimed responsibility for the latest incident, it bears similarities to previous Houthi attacks on maritime traffic, according to Yemeni officials.

The Houthi-launched maritime attacks are part of a series of assaults by Houthi forces on ships in the Red Sea. The group claims these actions are in solidarity with Palestinians amid the ongoing conflict between Israel and Hamas in Gaza.

In response to the Houthi maritime attacks, the U.S.-led naval coalition operating in the region has stepped up strikes against Houthi military sites. However, this has only spurred the tit-for-tat exchanges, with the Houthis vowing to continue targeting vessels they claim are linked to Israel.

**Xinhua**

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects Western Yangon University, Western Yangon Technological University



Senior General Min Aung Hlaing visits Western Yangon University.

NAY PYI TAW August 31

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the commander of Yangon Command and officials, this afternoon inspected Western Yangon University and Western Yangon Technological University.

**Western Yangon University**

On arrival at Western Yangon University, the Senior General and party inspected dredging of a lake with 665 feet in length, 110 feet in width and five feet in depth in front of the four-storey main lecture building, greening landscaping around the lake, filling water into the lake and installation of water foundations with the use of solar power, paving the pedestrian along the bund, beautification process in the university. The Yangon Region Chief Minister, the Yangon Mayor and the Rector of the university explained all work processes to the Senior General.

After hearing the reports, the Senior General gave guidance on systematic drainage measures to be taken on the university campus in monsoon season, cleaning and beautification of the university and better landscaping process.

**Western Yangon Technological University**

At Western Yangon Technological University, the Senior General and party inspected progress of new lecture hall on the campus. Rector Dr Kyi Soe, the Yangon Region Chief Minister and officials conducted the Senior General and party round the construction site.

In his response to the reports, the Senior General stressed the need to emphasize cleaning and beautifying the environment of the university with the better landscape. It is necessary to consider the long-term plan for construction of the car park, student hostels and supporting halls as well as lecture halls and other main halls. The Senior General also pointed out that it is necessary to emphasize construction of the pedestrians, a sports court and recreation centres on the campus in conformity with number of students.

**100**



Senior General Min Aung Hlaing hears report on new lecture hall construction at Western Yangon Technological University.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ်သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်းစာအုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံလှူဒါန်း

## မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀၊ လူထုသိပ္ပံကျမ်း အတွဲ(၆)နှင့် အတွဲ(၇) စာအုပ်ပေါင်း ၁၂ အုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၂၃၃ အုပ်တို့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်စဉ်။

**မင်းဘူး ဩဂုတ် ၃၁**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ်သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်းစာအုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထွန်းဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ အိုးစည်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည်ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အစားအစာများပေးဝေ၍ ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"** Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက လူထုသိပ္ပံကျမ်းများကို လူငယ်များဖတ်ရှုလေ့လာနိုင်ရန် ပြန်လည်ပုံနှိပ်ထုတ်ဝေစေပြီး စာကြည့်တိုက်များအတွက် ဝယ်ယူလှူဒါန်းပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များကို ဖတ်ရှုစေလိုသည့်အတွက် ယခုလို စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပေးခြင်းဖြစ်ပြီး စာဖတ်လိုစိတ်များ မွေးမြူပေးရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများသည် မိမိတို့ဘဝတိုးတက်အောင် သင်ကြားပြသ မီးမောင်းထိုးပြပေးနေသူများဟု မှတ်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀၊ လူထုသိပ္ပံကျမ်း အတွဲ(၆)နှင့် အတွဲ(၇) စာအုပ်ပေါင်း ၁၂ အုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၂၃၃ အုပ်တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မင်းဘူးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်းငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း ထပ်မံဆောက်လုပ်မည့် စာကြည့်တိုက်အဆောက်အအုံသစ် လေးတိုက်အတွက် အလှူငွေကျပ်သိန်း ၆၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။ ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒုတိယတန်း ကျောင်းသား မောင်ဘုန်းလကျ်ာက ရုပ်သေးအကဖြင့်လည်းကောင်း၊ စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက **"လှမ်းခဲ့ပါ အဆွေ ဖန်ခါးမြေ"** သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေ၍ စာရေးဆရာသန်းထွန်း(စကု)က **"ကမ္ဘာမြေပတ်ဖို့ စာတွေဖတ်စို့"**ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက **"ဗိုလ်ရှုသဘင်"** သီချင်းဖြင့်လည်းကောင်း၊ **"ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့်လည်းကောင်း၊ **"ဓာတိမာန်"**သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာရေးဆရာသန်းထွန်း(စကု)အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး အကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်သို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မင်းဘူးမြို့ရှိ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများဆွေးနွေးခဲ့သည်။

နံနက်ပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်သူ့ဆေးရုံကြီး(မကွေး)သို့ သွားရောက်၍ ဆေးရုံဝင်းအတွင်း ဌာနဆိုင်ရာအဖွဲ့အစည်းများ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်အဖြစ် အဆင့်မြှင့်တင်ထားသော သားဖွားမီးယပ်နှင့် မွေးကင်းစကလေးသုံးထပ်ကုသဆောင်သစ်နှင့် စကုမြို့၌ တည်ဆောက်ပြီးစီးသည့် စာကြည့်တိုက်အဆောက်အအုံသစ်တို့ကိုကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၅၀၀)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တာနင်ရှေ့အထူးဆောင်းပါး

# အရှေ့အလယ်ပိုင်းကစမယ့် စစ်ကြီးဆီကို ကမ္ဘာကြီးကဦးတည်နေပြီလား

**နေ့**ရက်များက တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလွန်မြောက်လာလေပြီ။ ဒီလိုလွန်မြောက်လာမှုနှင့်အတူ အရှေ့အလယ်ပိုင်းဒေသသည်လည်း မီးကုန်ယမ်းကုန်ဖြစ်ပွားမည့်စစ်ပွဲကြီးဆီသို့ တရွေ့ရွေ့ချဉ်းကပ်လာနေသည်။ ဒီအခြေအနေဆိုးကြီးထဲမှာ ဒေသတွင်းအင်အားကြီးနိုင်ငံများက ထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေသည်။ သူတို့၏အတွင်းအပြင်ဖိအားများက အဲဒီဒေသကြီးတစ်ခုလုံးကို ငြိမ်းချမ်းရေးနှင့်ဝေးရာဆီသို့ တွန်းပို့နေသည်ဟုပင် ဆိုနိုင်သည်။

အရှေ့အလယ်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသည့်အခြေအနေများအားလုံးက ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၇ ရက်တွင် ဖြစ်ပွားသော ဟားမက်တို့က အစ္စရေးတို့အပေါ်လုပ်လိုက်သည့် ရုတ်ခြည်းတိုက်ခိုက်မှု၊ အစ္စရေးက ဟားမက်တို့အပေါ် ရက်ရက်စက်စက်ချေမှုန်းမှုတို့နှင့် ဆက်စပ်နေသည်ကိုစာရှုသူအပေါင်း သိရှိထားပြီးဖြစ်သည်။ သို့ပေသော်ငြား သူ့ရဲ့အကြောင်းရင်းခံကိုတော့ နည်းနည်းပြောပြချင်သေးသည်။

ပါလက်စတိုင်းတို့က ၁၉၆၇ ခုနှစ်တွင် သတ်မှတ်ထားသည့် နယ်စပ်စည်းများရရှိရေးကို အဆက်မပြတ်တောင်းဆိုလာကာ အရှေ့ဂျေရုဆလင်ကို သူတို့၏မြို့တော်အဖြစ်သတ်မှတ်မည့် ကိုယ်ပိုင်နိုင်ငံတစ်ခုထူထောင်ရေးကို ကြိုးစားလာသည်။ ဒါကိုအစ္စရေးက ဘယ်လိုနည်းနှင့်မျှသဘောမတူနိုင်ပေ။ ဒီလိုကြောင့်ပဲ သူတို့ကြားမှာတင်းမာမှုများက ပိုမိုမြင့်တက်လာကာ သံတမန်ရေးအရဖြေရှင်းမှုများအားလုံးကလည်း သဲထဲရေသွန်သကဲ့သို့ အဟောသိကံသာ ဖြစ်သွားရသည်။

အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံမှ တာဝန်ရှိသူအချို့က လက်ရှိအခြေအနေကို ပြေလည်စေနိုင်ဖို့အတွက် အပစ်အခတ်ရပ်စဲရေးက အလွန်ပင်အရေးကြီးသည်ဟုထုတ်ပြန်လာသည်။ ဒီလိုမျိုးထုတ်ပြန်မှုများက အပြုသဘောဆောင်သလိုရှိပေမယ့် နောက်ကွယ်မှာရှိနေသောအကြောင်းတရားများကတော့ သူတို့ပြောနေသလိုမျိုး ငြိမ်းချမ်းရေးကိုမဆိုထားဘိ၊ အပစ်အခတ်ရပ်စဲရေးရဖို့ပင်လျှင် လမ်းစကခပ်မှိန်မှိန်ဖြစ်နေသည်။

ဒေသတွင်းအင်အားကြီးနိုင်ငံဖြစ်သည့် အီရန်နိုင်ငံက အစ္စရေးတို့၏စိန်ခေါ်သည့် လုပ်ရပ်အဖြစ်သတ်မှတ်နိုင်သော အီရန်မြေပေါ်မှာ အီရန်တို့၏မဟာမိတ်ဖြစ်သည့် ဟားမက်အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်ကို လုပ်ကြံလိုက်ခြင်းအပေါ် လက်စားချေရန်ကျန်နေသေးသည်။ တစ်နေ့နေ့တော့ဒီလိုလက်စားချေမှုကိုလုပ်လာနိုင်သောကြောင့် အစ္စရေးတို့က မျှော်တလင့်လင့်ဖြင့် အသင့်ပြင်ထားရသည်။ ဒီလိုအခြေအနေမျိုးကပင် အစ္စရေးတို့ကို လက်စားချေနည်းတစ်ခုဖြစ်သည်ဟု အီရန်ကပြောထားသည်။

နောက်တစ်ခုက ဒေသတွင်းနှင့်ဒေသအပြင်ဘက်ရှိ အင်အားကြီးနိုင်ငံတချို့၏ အဖျက်သဘောဆောင်လှုံ့ဆော်မှုများကလည်း အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ ပြည်သူထောင်ပေါင်းများစွာ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အချိန်အခါမရွေး ခြိမ်းခြောက်နေခြင်းဖြစ်သည်။ ဒီလိုသာဖြစ်လာရင် နိုင်ငံများစွာပြိုလဲပြီး ကမ္ဘာကြီးတစ်ခုလုံးကိုဒုက္ခရောက်စေမည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ဒီသီတင်းပတ်ထဲမှာပင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အတိအလင်းပြောထားတာတစ်ခုရှိသည်။ သူပြောထားသည့်အတိုင်းပြန်ပြောရလျှင် “ အရှေ့အလယ်ပိုင်းအရေးမှာပါဝင်နေတဲ့ တချို့နိုင်ငံတွေက အဲဒီပဋိပက္ခကြီးပြေလည်သွားမှာကို မလိုလားကြပါဘူး။ သူတို့က တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရန်ဖြစ်နေကြဖို့ကိုပဲ လိုလားကြတာပါ။ အဓိကကတော့ ကမ္ဘာ့နိုင်ငံရေးလောကမှာ အလှည့်အပြောင်းများစွာဖြစ်လာစေဖို့ပါပဲ။ ဒါကြောင့်လည်း ဒီအရေးမှာပါဝင်ကြသူတချို့ဟာ သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်များရရှိစေဖို့အတွက် ဆူပူမှုတွေကိုသာ ရည်ရွယ်ချက်ရှိရှိဖန်တီးနေကြတာဖြစ်ပါတယ်” ဟု ပြောထားခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းအရေးက သူချည်းသက်သက်တော့ဖြစ်နေခြင်းမရှိဘဲ ကျန်နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များနှင့်ဆက်စပ်နေသည်။ ဥပမာအားဖြင့် မကြာခင်ကာလမှာ အမေရိကန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကျင်းပဖို့ရှိသည်။ ဒီအချိန်မှာ အစ္စရေးအစိုးရက အမေရိကန်တို့၏မူဝါဒပြောင်းလဲစေရေးကို မျှော်လင့်နေသည်။ မည်သည့်အတွက်ကြောင့်လဲဆိုလျှင် သူ့အနေဖြင့် ဂါဇာအပေါ်လုပ်နေသည့်တိုက်ခိုက်မှုများအတွက် နိုင်ငံတကာ၏ဖိအားများလျော့ပါးလာစေဖို့အတွက်ဖြစ်သည်။ ဒီလိုမျိုးမျှော်လင့်ချက်ကြောင့်ပင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအတွက်အဖြေတစ်ခုရဖို့အရေးကို နှောင့်နှေးနေစေခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတုန်းက နိုင်ငံတကာ၏အကူအညီဖြင့် အစ္စရေးနှင့် ဟားမက်တို့ကြား ဆွေးနွေးမှုများလုပ်ကြသေးသည်။ ဒီဆွေးနွေးပွဲက အပြုသဘောဆောင်သောရလဒ်ရရှိသည်ဟု ဘယ်လိုပင်ဆိုဆို လက်တွေ့မှာတော့ အပစ်အခတ်ရပ်စဲရေးပင် မရနိုင်ခဲ့ပေ။ ဒီအခြေအနေကဘာကိုဖော်ပြနေသလဲဟုဆိုလျှင် ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များက ငြိမ်းချမ်းရေးအတွက်အသင့်မဖြစ်သေးသောကြောင့်ပင်ဖြစ်သည်။

ဒီအချိန်မှာ အီရန်က ဘာကြောင့်များအစ္စရေးအပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုမလုပ်သေးတာလဲဆိုသည့်မေးခွန်းမေးစရာရှိသေးသည်။ အီရန်ခေါင်းဆောင်များအနေဖြင့် သူတို့သာ အစ္စရေးအပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုလုပ်လိုက်ပါက မပြီးဆုံးနိုင်သော နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပေါ်လာမည်ကို အတိုင်းသားသိမြင်နေသည်ဟုဆိုရမည်ဖြစ်သည်။ လက်ရှိအရှေ့အလယ်ပိုင်းအခြေအနေက မီးကုန်ယမ်းကုန် စစ်ပွဲကြီး ဖြစ်ပွားစေဖို့ကို လက်တစ်ကမ်းအလိုရောက်နေပြီဖြစ်သည်။ ဒီအချိန်မှာ အီရန်က စစ်ပွဲကြီးအတွက် ကမ်းမည့်လက်ကို သူ့လက်တော့အဖြစ်မခံနိုင်ပေ။

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် သူ၏ပြည်တွင်းရေးကိစ္စများကို ရင်ဆိုင်နေရသည့်အချိန်ဖြစ်သည်။ အီရန်၏စီးပွားရေးက စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ ငွေကြေးဖောင်းပွမှုက ၄၀ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့နှုန်းက ၁၅ ရာခိုင်နှုန်းမြင့်တက်လာပြီး ငွေကြေးတန်ဖိုးက ဆက်လက်ကျဆင်းနေသည်။ ဒီလိုအခြေအနေကြောင့်လည်း အီရန်က အစ္စရေးနှင့်စစ်ဖြစ်ရန်မလိုလားသေးခြင်းဖြစ်သည်။ အကယ်၍ အီရန်က စစ်ဖြစ်ဖို့ကိုမရွေးဘဲ ယာယီလက်ရှောင်နေလိုက်ချိန်တွင် အရှေ့အလယ်ပိုင်းဒေသကငြိမ်းချမ်းရေးရသွားပြီဆိုလျှင် နေရင်းထိုင်ရင်းနှင့်ပင် ဒီအရေးမှာအီရန်တို့ဝင်မပါခြင်းကြောင့် မြန်မြန်ဆန်ဆန်ငြိမ်းချမ်းရေးရသွားခြင်းဟု နိုင်ငံတကာအမြင်မှာ တင့်တယ်နေဦးမည်ဖြစ်သည်။

အစ္စရေးဘက်ကနေပြန်ကြည့်မည်ဆိုပါလျှင် နေတန်ယာဟု၏အစိုးရဆိုသည်မှာပြည်တွင်းတွင်သာမက ပြည်ပ၏ဖိအားများနှင့်လည်းရင်ဆိုင်နေရသည်။ သူ့အပေါ် အမြဲတစေထောက်ခံခဲ့သော အမေရိကန်နိုင်ငံပင်လျှင် အခုအချိန်မှာ သူ့ကိုထောက်ခံမှုလျော့ကျလာနေပြီဖြစ်သည့်အတွက် နေတန်ယာဟုကတော့ ပဋိပက္ခဖြစ်ရေးလမ်းကိုသာ ဆက်လက်လျှောက်လှမ်းနေမည်ဖြစ်သည်။ ဒီအချိန်မှာ ဂါဇာစစ်ဆင်ရေးကို သာရပ်တန့်လိုက်ပါက သူ၏အစိုးရအဖွဲ့အပေါ် နိုင်ငံရေးအရပေါက်ကွဲမှုက မလွဲမသွေဖြစ်လာနိုင်သည်။

ဒါကြောင့်လည်း နေတန်ယာဟုအနေဖြင့် လက်ရှိအမေရိကန်သမ္မတနေရာတွင် ဒေါ်နယ်ထရမ့်ကို ဝင်လာစေချင်သည်။ ထရမ့်သာဆိုလျှင် အမေရိကန်နှင့် အီရန်တို့၏ဆက်ဆံရေးတင်းမာစေမည်။ အစ္စရေးနှင့်အာရပ်နိုင်ငံများကြား ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်မည်။ ဒီအခြေအနေများက နေတန်ယာဟုကို ဒေသတွင်းတွင် နာမည်ကောင်းရစေမည်ဖြစ်သည်။



အစ္စရေးအနေဖြင့် ဟားမက်တို့နှင့်သာ တိုက်ခိုက်နေရသည်မဟုတ်။ လက်ဘနွန်ရှိ ဟစ်ဇဘိုလာတို့နှင့်လည်း တိုက်ခိုက်နေရပြန်သည်။ ထို့ပြင် တော်လှန်ရေးမဟာမိတ်အဖွဲ့၏ရန်ကိုလည်း ကြည့်နေရသေးသည်။ ဒီအချိန်မှာ အစ္စရေးနိုင်ငံက အင်အားတောင့်တင်းခိုင်မာမှုကိုပြသနိုင်မှသာ သူ၏အကျိုးစီးပွားကို ခိုင်မာစေမည်ဖြစ်သည်။ ဒီအတွက် နေတန်ယာဟုက အမေရိကန်၏ ငွေကြေးအရသာမက စစ်ရေးအရပါထောက်ပံ့မှုလိုအပ်နေသည်။ ဒါကြောင့်ပင် အစ္စရေးက ပဋိပက္ခလမ်းကို ဆက်လက် လျှောက်လှမ်းဖို့ရွေးချယ်လိုက်ရခြင်းဖြစ်သည်။

လက်ရှိအချိန်မှာတော့ အရှေ့အလယ်ပိုင်းပြဿနာက ကြီးထွားမြဲကြီးထွားနေဆဲပင်။ ထိုပြဿနာကို သံတမန်ရေးနည်းဖြင့်ဖြေရှင်းဖို့ဆိုသည်မှာလည်း ဘယ်ဘက်ကမှအလျှော့မပေးလိုသည့် အတားအဆီးများစွာနှင့်ရင်ဆိုင်နေရသည်။ ဒီလိုအခြေအနေကြီးတစ်ခုလုံးက ကမ္ဘာ့နိုင်ငံရေးကို ပြောင်းလဲစေမည့် အစိတ်အပိုင်းကြီးတစ်ခုဖြစ်မှန်းမသိဖြစ်လာနေသည်။ ကမ္ဘာကြီး၏အခြားနေရာများမှာလည်း ပဋိပက္ခများစွာဖြစ်ပွားနေသေးသည်။ သို့သော် အရှေ့အလယ်ပိုင်းအရေးလောက်တော့ မဆိုးဟုပြောရမည်ဖြစ်သည်။ ဒါကြောင့် အရှေ့အလယ်ပိုင်းဒေသသည် အချိန်မရွေးပေါက်ကွဲနိုင်သည့် ဗုံးတစ်လုံးကဲ့သို့ ဖြစ်မှန်းမသိဖြစ်လာနေသည်။ ဒီအချိန်မှာ ကျွန်တော်တို့ကမ္ဘာကြီးက အရှေ့အလယ်ပိုင်းကစမယ့် စစ်ပွဲကြီးဆီကို ဦးတည်နေပြီလားဆိုတာ အမြဲမပြတ်စောင့်ကြည့်နေရတော့မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: RT

ထက်မြတ်

## လူ ၂၂ ဦးပါ ရဟတ်ယာဉ်တစ်စင်း ကမ်ချတ်ကာကျွန်းဆွယ်၌ ပျောက်ဆုံးနေ

လေယာဉ်အမှုထမ်း သုံးဦးအပါအဝင် ခရီးသည်၁၉ ဦး စုစုပေါင်း လူ ၂၂ ဦးလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းသည် ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချတ်ကာကျွန်းဆွယ်၌ပျောက်ဆုံးနေကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက ဩဂုတ်လ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

ပျောက်ဆုံးနေသည့်ရဟတ်ယာဉ်သည် Mi-8T အမျိုးအစားရဟတ်ယာဉ်ဖြစ်ပြီး ဗက်ကာဇက်မီးတောင်အနီးရှိ စခန်းတစ်ခုမှ ပျံတက်ထွက်ခွာသွားခြင်းဖြစ်သည်။

သို့သော် လေယာဉ်အမှုထမ်းများသည် သတင်းပို့ရမည့်အချိန်တွင် သတင်းပို့နိုင်ခြင်းမရှိကြောင်း ဗဟိုလေကြောင်းသယ်ယူပို့ဆောင်ရေးအေဂျင်စီမှ ထုတ်ပြန်ချက်ကိုကိုးကား၍ Interfax သတင်းဌာနက ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း မြူများထူထပ်စွာကျဆင်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းကိုနှောင့်နှေးစေကြောင်းအရေးပေါ်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကမ်ချတ်ကာဒေသသည် အလွန်လှပသောမြစ်များ၊ ရေပူစမ်းများနှင့် မီးတောင်များကြောင့် ခရီးသွားသူများအကြား ရေပန်းစားနေသည့်နာမည်ကျော်အပန်းဖြေနေရာတစ်ခုဖြစ်ပြီး မော်စကိုမြို့မှ ကိုးနာရီကြာသွားရသည့် ခရီးအကွာအဝေးတွင် တည်ရှိသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

Ref: TST

# တရုတ်နှင့်ဖိလစ်ပိုင်တို့က တစ်လအတွင်းငါးကြိမ်မြောက်အဖြစ် တောင်တရုတ်ပင်လယ်၌ သင်္ဘောတိုက်မိမှုဖြစ်ပွား

**ပေကျင်း၊ မတော်တဆမှု**

တရုတ်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ ကမ်းခြေစောင့်တပ်ဖွဲ့ပိုင်သင်္ဘောများသည် ယခုလတစ်လအတွင်း ငါးကြိမ်မြောက်အဖြစ် တောင်တရုတ်ပင်လယ်၌ ထပ်မံတိုက်မိမှုဖြစ်ပွားကြောင်းသိရသည်။

အဆိုပါမတော်တဆမှုသည် တောင်တရုတ်ပင်လယ်အတွင်း ဆာဘီနာသောင်စွယ်အနီးရှိရေပြင်၌ ဩဂုတ်လ ၃၁ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းအတွက် နှစ်နိုင်ငံစလုံးက တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်အပြစ်တင်ထားသည်။

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူက တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ပိုင်ရေယာဉ်အမှတ် ၅၂၀၂ က ဖိလစ်ပိုင်မှရေယာဉ်ကို ရည်ရွယ်ချက်ရှိရှိဖြင့် တည့်တည့်ဝင်တိုက်ခြင်းကြောင့် ဝင်တိုက်ခံရသည့်ကမ်းတက်လှေတွင် ပျက်စီးမှုကို ဖြစ်စေကြောင်းပြောထားသည်။

တစ်ချိန်တည်းမှာပင် တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူသည် ဖိလစ်ပိုင်ရေယာဉ်က တရားမဝင်ကျောက်ချရပ်နားထားခြင်းဖြစ်ကြောင်း၊ ထို့နောက်ကျောက်ဆူးကိုတင်ကာ တရုတ်ရေယာဉ်ကို ရည်ရွယ်ချက်ရှိရှိဖြင့်ဝင်တိုက်ခြင်းဖြစ်ကြောင်းပြောသည်။

ထို့ပြင် တရုတ်ဘက်က ပိုင်နက်နယ်မြေကိုကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်မှုသည် ဖိလစ်ပိုင်ကြောင့်သာဖြစ်ကြောင်းပြောထားသည်။ သို့သော် ဖိလစ်ပိုင်က ၎င်းတို့၏သင်္ဘောကိုပြန်ဆုတ်ပေးမည်မဟုတ်ကြောင်းပြောထားသောကြောင့် ထိုနှစ်နိုင်ငံကြားတင်းမာမှုများက ပိုမိုမြင့်တက်လာကြောင်းသိရသည်။

Ref: RTA




# ဘင်္ဂလားဒေ့ရှ်၌ရေကြီးပြီးနောက် ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်နေရ

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုများဖြစ်ပွားပြီးနောက် ရေကြီးမှုနှင့်ဆက်စပ်သည့် ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်နေရသည်ဟု တာဝန်ရှိသူများကပြောသည်။

လက်ရှိတွင် ရေများတဖြည်းဖြည်းပြန်ကျသွားပြီဖြစ်သော်လည်း မုတ်သုံမိုးရွာသွန်းနေသမျှကာလပတ်လုံး ရေကြီးမှုက ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း မိုးလေဝသဌာနကသတိပေးထားသည်။

ရေကြီးမှုများကြောင့် အနည်းဆုံးလူ ၅၄ ဦးသေဆုံးပြီး သန်းပေါင်းများစွာဒုက္ခရောက်ရကြောင်း၊ ဒုက္ခရောက်သူများအနေဖြင့် အစားအစာ၊ အဝတ်အစား၊ ဆေးဝါးနှင့် သောက်ရေသန့်တို့လိုအပ်နေကြောင်း အထူးသဖြင့် လမ်းများပိတ်ဆို့နေသည့် ဝေးလံခေါင်ဖျားဒေသများက အကူအညီကိုပိုမိုလိုအပ်နေကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများကပြောသည်။

ထို့ပြင် ရေကြီးထားသည့်အတွက် ထိုအခြေအနေနှင့်ဆက်စပ်သည့်ရောဂါများလည်းဖြစ်ပွားလာနေကြောင်း၊ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ထိုရောဂါများကြောင့် ဆေးရုံတက်ရသူ ၃၀၀၀ ခန့်ရှိကြောင်း ကျန်းမာရေးဆိုင်ရာညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ထားသည်။

အဆိုပါရောဂါများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသားဝါရောဂါ စသည်တို့ပါဝင်ကြောင်း သိရသည်။

Ref: TST



# ဂါဇာတွင်အစ္စရေး၏တိုက်ခိုက်မှုကြောင့် ၄၈ နာရီအတွင်း လူ ၈၉ ဦးသေဆုံး

**ကိုင်ရို၊ စစ်ရေး**

ပြီးခဲ့သည့် ၄၈ နာရီအတွင်း ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ကဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အနည်းဆုံးလူ ၈၉ ဦးသေဆုံးပြီး ၂၀၅ ဦးဒဏ်ရာရရှိကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၃၁ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုအရေအတွက်ကို ထည့်တွက်ပါက အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ဂါဇာ၌ သေဆုံးသူစုစုပေါင်း ၄၀၆၉၁ ဦးအထိနှင့် ဒဏ်ရာရရှိသူ ၉၄၀၀၀ ကျော်လာပြီဖြစ်သည်။

ဂါဇာမှဟားမက်အဖွဲ့က ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေးကို ရုတ်တရက်တိုက်ခိုက်မှုလုပ်ဆောင်ခြင်းကြောင့် အစ္စရေးဘက်ကလက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ကိုတိုက်ခိုက်လာခြင်းဖြစ်သည့်အပြင် ထိုဒေသကို ဝိုင်းပတ်ပိတ်ဆို့ကာ ထောက်ပံ့မှုများကို ဖြတ်တောက်ထားကြောင်း သိရသည်။

Ref: Sputnik

## သတင်းတိုကဏ္ဍ

### အမေရိကန်နိုင်ငံရှိ လူငယ်လူရွယ်အများအပြားတွင် ကင်ဆာရောဂါဖြစ်ပွားမှု မြင့်တက်လာ

အမေရိကန်၌ လုပ်ဆောင်ထားသောသုတေသနအသစ်တစ်ခုအရ အမေရိကန်လူငယ်လူရွယ်အများအပြားတွင် ကင်ဆာရောဂါဖြစ်ပွားမှုများ မြင့်တက်လာကြောင်း သိရသည်။

အမေရိကန်ဆေးပညာအဖွဲ့အစည်းကွန်ရက်ဂျာနယ်တွင်ဖော်ပြထားချက်အရ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ကင်ဆာရောဂါဖြစ်ပွားသည့် အသက် ၁၅ နှစ်မှ ၃၉ နှစ်အတွင်းရှိ လူငယ်လူရွယ် ၂၉၀၀၀၀ ကျော်ရှိသည်ဟုတွေ့ရသည်။

၎င်းတို့အနက် လူဖြူများထက်စာလျှင် လူမည်းများ၊ အာရှနွယ်ဖွားများ၊ ဟာဝေယံဒေသခံများ၊ အခြားပစိဖိတ်ကျွန်းများ၌နေထိုင်သူများတွင် နောက်ဆုံးအဆင့်ကင်ဆာရောဂါ ပိုမိုဖြစ်ပွားလေ့ရှိသည်ဟု ဂျာနယ်ကဖော်ပြထားသည်။

အဓိကအဖြစ်များသည့် ကင်ဆာရောဂါများမှာ အရေပြားကင်ဆာ၊ အူမကြီးကင်ဆာနှင့် အရိုးကင်ဆာများဖြစ်သည့်အပြင် အင်ဒီးယန်းမျိုးနွယ်စုများမှာ ကျန်မျိုးနွယ်စုများထက် ကင်ဆာကြောင့် အသက်ရှင်သန်နိုင်စွမ်း ၁၀ နှစ်ကျော် လျော့ကျသည်ဟု သိရသည်။ Ref: Xinhua

### လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၃၀၀၀ ကျော်အထိမြင့်တက်လာ

လာအိုနိုင်ငံ၌ ယခုနှစ်အတွင်းသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက် ၁၃၀၀၀ ကျော်အထိမြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၃၁ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်နိုင်စေရေးအတွက် ပြည်သူများအနေဖြင့် နေအိမ်များ၊ လုပ်ငန်းခွင်များ၏ ပတ်ဝန်းကျင်ရှိခြင်များခိုအောင်းနိုင်သော နေရာများကို ရှင်းလင်းရန် တာဝန်ရှိသူများက တောင်းဆိုထားသည်။

ထို့ပြင် ပြည်သူများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကို ပေါ့ပေါ့ဆဆမနေရန်နှင့် သတိဖြင့်ထိန်းချုပ်နိုင်ရေးလုပ်ဆောင်ရန်တိုက်တွန်းထားသည်။

သွေးလွန်တုပ်ကွေးရောဂါအဖြစ်များသည့်ဒေသများမှာ ဗီယန်ကျင်းမြို့၊ ဆေကုန်ပြည်နယ်နှင့် လွန်ပရာဘန်ပြည်နယ်တို့ဖြစ်သည်။ Ref: Xinhua

### ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို အထူးအာရုံစိုက်ရန် ပစိဖိတ်ခေါင်းဆောင်များတိုက်တွန်း

ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို အထူးအာရုံစိုက်ရန် ပစိဖိတ်ကျွန်းနိုင်ငံများအဖွဲ့ဝင်နိုင်ငံများမှခေါင်းဆောင်များက တိုက်တွန်းထားသည်။

ထို့ပြင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုပြဿနာကို ကုလသမဂ္ဂအထွေထွေညီလာခံသို့လည်း တင်ပြသွားမည်ဖြစ်ပြီး ထိုကိစ္စကို သီးခြားကိစ္စတစ်ခုအနေဖြင့် ဆောင်ရွက်သွားရန်လည်း တောင်းဆိုသွားမည်ဖြစ်ကြောင်း အဆိုပါခေါင်းဆောင်များကသဘောတူသည်။

ပစိဖိတ်ကျွန်းနိုင်ငံများဖိုရမ်ကို တွန်ဂါနိုင်ငံ၌ ငါးရက်ကြာကျင်းပခဲ့ပြီးနောက် ယခုကဲ့သို့ သဘောတူညီချက်ကိုထုတ်ပြန်လာခြင်းဖြစ်သည်။

ထိုဖိုရမ်တွင် ရာသီဥတုပြောင်းလဲမှုနှင့်သက်ဆိုင်သည့်အခြေအနေများအကြောင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုက ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သည်ဆိုသည့်အကြောင်းနှင့် ယင်းအခြေအနေက ပစိဖိတ်ကျွန်းနိုင်ငံများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသည့်အကြောင်းတို့ကို ဆွေးနွေးခဲ့သည်ဟုသိရသည်။

Ref: Xinhua

### ရှန်ရှန်မုန်တိုင်းကြောင့် ဂျပန်နိုင်ငံ၌ သေဆုံးသူ ခြောက်ဦးအထိမြင့်တက်

ဂျပန်နိုင်ငံ အရှေ့ပိုင်းမှတစ်ဆင့် နိုင်ငံအတွင်းဝင်ရောက်တိုက်ခတ်သည့် ရှန်ရှန်အမည်ရှိတိုင်ဖွန်းမုန်တိုင်းကြောင့် ဩဂုတ်လ ၃၁ ရက်အထိ အနည်းဆုံးလူခြောက်ဦးသေဆုံးထားကြောင်း တာဝန်ရှိသူများက ထုတ်ပြန်သည်။

ထို့ပြင် ဩဂုတ်လ ၂၉ ရက်တွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်သည့်မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုမှုဖြစ်ပွားခြင်းနှင့် ရေကြီးမှုသတိပေးချက်ထုတ်ပြန်ရခြင်းများလည်းရှိသည်။

အလားတူ မုန်တိုင်း၏နောက်ဆက်တွဲဆိုးကျိုးအဖြစ် လူတစ်ဦးပျောက်ဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိကာ နေအိမ် ၃၅၀၀၀ ကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်ရင်ဆိုင်နေရကြောင်း ကယ်ဆယ်ရေးအဖွဲ့ကပြောသည်။

ယခုအခါမုန်တိုင်းသည် အားပျော့ပျက်ပြယ်သွားတော့မည်ဖြစ်သော်လည်း ၎င်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

Ref: RTA

# သုံးခွမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ မန်ကျည်းကံကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျေးရွာဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၉၈ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးရောဂါ၊သွေးတိုးရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ကလေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂၁ ပါး တို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ ဟောပြောဆွေးနွေးကာဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူထားသူများအား ပြန်လည်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၃၁

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသောဌသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီး၏ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိသီတဂူစက္ခုဒါနဆေးရုံတော်၌ သတ္တမအကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းကို ဩဂုတ်လ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်တို့တွင်ဆောင်ရွက်ခဲ့ရာ ခွဲစိတ်ကုသမှုခံယူထားသူ ၂၃၀ ဦးအား မျက်စိအထူးကုဆရာဝန်ကြီးများက ယနေ့နံနက် ၇နာရီတွင် ပြန်လည်ကြည့်ရှုစစ်ဆေးပေးခဲ့သည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် သတ္တမအကြိမ်မြောက် မျက်စိအခမဲ့ခွဲစိတ်မှုခံယူထားသူများကို အမြင်အာရုံကောင်း မကောင်း ခွဲစိတ်ထားတဲ့သူတွေမျက်စိအောင့်ခြင်း ရှိ၊ မရှိတို့ကို အထူးကု ဆရာဝန်ကြီးများက စစ်ဆေးပေးပြီးလိုအပ်သည့် ဆေးဝါးထုတ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြသည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကိုစတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါတွင်သီတဂူဆေးရုံတော်များကို တိုင်းနှင့်ပြည်နယ်များတွင်ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံအထိဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကိုကြည့်ရှုပေးခဲ့ပြီး ငါးသိန်းခန့်ကို မျက်စိအလင်းအလျှုပေးနိုင်ခဲ့ကြောင်းနှင့် ရှစ်ကြိမ်မြောက်တွင် မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေးခွဲစိတ်ကုသမှုများကိုခံယူလိုသည့် မျက်စိဝေဒနာရှင်များအနေဖြင့်လည်း စက်တင်ဘာလပထမပတ်တွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

# စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည်ယမန်နေ့မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ ငလိုက်ချောင်းတံတားသို့ သွားရောက်၍ ယာယီရေလျှံဖြစ်ပေါ်ခဲ့ခြင်းကြောင့် ချောင်းကမ်းပါးတွင် စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင်နှင့် အလှပန်းပင်များ၊ မြေယာရှုခင်းများ ရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အဝင်လမ်းအား ရိုစာခင်းရန်ပြင်ဆင်ဆောင်ရွက်နေမှု၊ တံတားအောက်နှင့် ချောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းရေးနှင့် မြက်ချုံရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်ပင်ပန်းပင်များကို ပြန်လည်ပြုစုထိန်းသိမ်းရန်နှင့် ငလိုက်ချောင်းဘေး ဝဲယာတစ်လျှောက်တွင် အမြဲသန့်ရှင်း သာယာလှပနေစေရေး သက်ဆိုင်ရာဌာနများက အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာ ရှမ်းကန်သို့သွားရောက်၍ ရှမ်းကန်ပတ်လမ်းဝဲယာတွင် ဘဲစားမြက်စိုက်ပျိုးနေမှုနှင့် အဝင်လျှောက်လမ်းပြုပြင်နေမှု၊ အများပြည်သူသုံးသန့်စင်ခန်း ဆောက်လုပ်ပြီးစီးမှု၊ ရှမ်းကန်အတွင်းရှိ ရေတွင်အနည်အနှစ်နှင့် ဓာတုပါဝင်မှုအား လျော့ကျစေပြီး ရေသန့်စင်ပေးသည့် Multimedia Filter ရေသန့်စက် လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပွင့်ဖြူမြို့နယ်၌ ရုံးပတီသီး စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေး ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီးသည်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မုန်းချောင်းရေကို အမှီပြု၍ ရုံးပတီသီးနှင့် အခြားဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိပြီး တောင်သူများအကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

ရုံးပတီသီးသည် ရေလုံလောက်စွာရရှိပါက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို စိုက်ပျိုးပြီး ရက်ပေါင်း ၆၀-၇၀ အကြာတွင် အသီးများစတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့်ရုံးပတီသီး တစ်ပိဿာလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေးနှုန်း ငွေကျပ် ၂၈၀၀-၃၀၀၀ ဖြင့်လည်းကောင်း၊ ရုံးပတီသီးအတောင့် ၁၀ တောင့်လျှင် ငွေကျပ် ၂၅၀-၃၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇၀၀၀၀၀ ခန့် ရရှိကာ ရုံးပတီသီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့ရှိ လက်လီလက်ကား ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် M2K FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ကစားခဲ့ရာ M2K FC အသင်းက ၇ ဂိုး ၃ ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် YCDC Marga FC အသင်းနှင့် Jullniss FC အသင်းတို့ကစားခဲ့ရာ YCDC Marga FC အသင်းက ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Futsal Chit Thu FC အသင်းနှင့် M-Million FC အသင်းတို့ကစားခဲ့ရာ M-Million FC အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် Seven FC အသင်းနှင့် Bushido Team အသင်းတို့ကစားခဲ့ရာ Seven FC အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် MH Dream Team အသင်းနှင့် YRG FC အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Sar Bal Gyi Doh FC အသင်းနှင့် FCT Youth အသင်းတို့ကစားခဲ့ရာ Sar Bal Gyi Doh FC အသင်းက ၉ ဂိုး ၄ ဂိုးဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ကြသည်။

MH Dream Team အသင်းနှင့် YRG FC အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် MH Dream Team အသင်းမှ မင်းခန့်သူက ပွဲချိန် ၁၁ စက္ကန့်တွင် အသင်းအတွက် သွင်းဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် Power HBI FC အသင်းမှ နိုင်လင်းထွန်း၏ ပွဲချိန် ၁၂ စက္ကန့်သွင်းဂိုးစံချိန်ကိုကျော်ဖြတ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**



## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**(မိုး/ဇလ)**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေးနှင့် နိုင်ငံတကာ မြူနီစီပယ်ဖိုရမ်တက်ရောက်ခဲ့သော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



ရန်ကုန် ဩဂုတ် ၃၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေး (International Transport Summit 2024 )နှင့် BRICS အဖွဲ့၏ နိုင်ငံတကာမြူနီစီပယ်ဖိုရမ် (International Municipal Forum Of BRICS Countries ) တို့သို့ တက်ရောက်ပြီး ယမန်နေ့ညပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့်အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေးကို ဩဂုတ်လ ၂၀ ရက်မှ ၂၅ ရက်အထိ မော်စကိုအစိုးရပို့ဆောင်ရေးနှင့်လမ်းများဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ မြို့ပြဆက်သွယ်ရေးနှင့်ဒစ်ဂျစ်တယ်နည်းပညာများ ပေါင်းစပ်ဖွံ့ဖြိုးရေး၊ အဆင့်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ မိတ်ဖက်မြို့များ၏ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ရန်အတွက် နိုင်ငံတကာကျွမ်းကျင်သူများတွေ့ဆုံနိုင်မည့် စင်္ကြံတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ မြို့ပြသွားလာရေးနှင့်မြို့များအဆင့်အတန်းမြင့်မားရေးတို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်ရာတွင် စနစ်ကျသည့်နည်းလမ်းများကိုပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဆန်းကျော်ဦး(ပြန်/ဆက်)




# ရေဆင်းရေလှောင်တမံရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှုအခြေအနေကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၃၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် ရေဆင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ်အတွင်း မိုးရွာသွန်းမှု၊ ရေဝင်ရောက်မှုအခြေအနေများနှင့် နွေသီးနှံစိုက်ပျိုးရန်လျာထားဆောင်ရွက်မှု အခြေအနေများ၊ တမံကြံ့ခိုင်မှုအတွက် စောင့်ကြည့်လေ့လာဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ရေဆင်းရေလှောင်တမံတွင် ဩဂုတ်လ ၃၁ ရက်အထိ မိုးရေချိန် ၄၃ ဒသမ ၈၈ လက်မ ရွာသွန်းခဲ့ပြီး တမံအတွင်း ဧကပေ ၄၉၀၀၀ ခန့်သိုလှောင်ထားရှိကြောင်းနှင့် သိုလှောင်မှုအရ (ရေအနက် - ၈၉ ဒသမ ၅၇ ပေ) သိုလှောင်ထားရှိပြီး ကန်ရေပြည့်ရောက်ရန် ၉ ဒသမ ၄၃ ပေ လိုအပ်သည်။ ယခင်နှစ်ကာလတူပမာဏထက် မိုးရေချိန် ၂၀ ဒသမ ၈၃ လက်မ၊ စီးဝင်ရေ ၁၀၀၇၁ ဧကပေ၊ ရေသိုလှောင်မှု ၃၅၀၄၀ ဧကပေ၊ ရေမှတ်အမြင့် ၂၃ ဒသမ ၃၇ ပေ ပိုမိုသိုလှောင်ထားရှိ၍ ရေဆင်းရေလှောင်တမံသည် ၂၀၁၇ ခုနှစ်အတွင်း ကန်ရေပြည့် ရေသိုလှောင်နိုင်ခဲ့ပြီး ယင်းနောက်ပိုင်း ပုံမှန်ရေဝင်ရောက်မှုသာရှိခဲ့ရာမှ ယခု ၂၀၂၄ ခုနှစ်အတွင်း ရေဝင်ရောက်မှုများ ပိုမိုကောင်းမွန်မှုရှိကြောင်း သိရပြီး ရေဆင်းရေလှောင်တမံမှ ယခင်နှစ်သိုလှောင်ရေအရ နွေရာသီတွင် နွေစပါး ၁၅၈၃ ဧကနှင့် နွေသီးနှံ (နှမ်း၊ ပဲတီစိမ်း၊ နေကြာ)ဧက ၂၅၈၀ စိုက်ပျိုးခဲ့ကာ တမံအတွင်း လက်ရှိသိုလှောင်ထားရှိမှုအခြေအနေအရ နွေစပါးဧက ၃၀၀၀ ခန့်နှင့် ဆီထွက်သီးနှံဧက ၄၅၀၀ ခန့် စုစုပေါင်းဧက ၇၅၀၀ စိုက်ပျိုးရန် လျာထားစီမံဆောင်ရွက်လျက်ရှိ၍ ယခင်နှစ် စိုက်ပျိုးမှုထက် ၂ ဒသမ ၅ ဆခန့် တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိုးနှောင်းကာလရေဝင်ရောက်မှုများ ပိုမိုခဲ့ပါက လက်ရှိမျှော်မှန်းထားသည်ထက် ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရေဆင်းရေလှောင်တမံ၊ တမံကျောက်စစ်ရိုး Rock Toe၊ ရေထုတ်ပြွန်၊ ရေပိုလွှဲအဆောက်အအုံတို့၏ ကြံ့ခိုင်မှုအခြေအနေများ၊ ရေစိမ့်နှုန်း တိုင်းတာသည့် V-Notch တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံအားလုံး ကြံ့ခိုင်မှုကောင်းမွန်ကြောင်း စစ်ဆေးတွေ့ရှိရပြီး တာဝန်ကျဝန်ထမ်းများအနေဖြင့်လည်း ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး အားပေးမြှင့်တင်



နေပြည်တော် ဩဂုတ် ၃၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း၏ သင်ကြားသင်ယူရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်တန်းများတွင်တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာအတတ်ပညာကို ကျွမ်းဝင်နားလည်သည့် ပညာရှင်ဝန်ထမ်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မွေးမြူရေးကဏ္ဍဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး သင်တန်းသား၊ သင်တန်းသူများအတွက် အာဟာရဖြည့်စွက်စာနှင့် ကြက်ဥများကို ပေးအပ်သည်။ ယင်းနောက် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သင်တန်းသင်ရိုးညွှန်းတမ်းများ ခေတ်ကာလနှင့်အညီ ဖြစ်စေရေး ပြောကြားသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ရွှေဇင်ယော်ဟိန်း ငါးတင်/ငါးချဆိပ်ကမ်းတွင် ရေဝတီငါးဖမ်းကွက်နှင့် ရခိုင်ငါးဖမ်းကွက်တို့မှ ငါးဖမ်းလုပ်ကိုင်ပြီး ဖမ်းဆီးရမိသော ငါးပုစွန်များ တင်ပို့ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ ရေလုပ်ငန်းကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ စားသုံးသူဘေးကင်းလုံခြုံရေးနှင့် ပြည်ပတင်ပို့ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ငါးတင်ငါးချဆိပ်ကမ်း ၁၁ ခုရှိပြီး ရွှေဇင်ငါးချဆိပ်ကမ်းသည် EUတင်ပို့ခွင့်ရအသိအမှတ်ပြုခံရသည့် နိုင်ငံတကာအဆင့်မီ ငါးတင်/ငါးချဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ရွှေဇင်ယော်ဟိန်း ငါးတင်/ ငါးချဆိပ်ကမ်းတွင် အခြေပြုလုပ်ကိုင်နေသော ငါးဖမ်းသင်္ဘော ၂၂၇ စင်း၊ ငါးသယ်ရေယာဉ် ၂၁ စင်း စုစုပေါင်း ၂၄၈ စင်းရှိပြီး ၎င်းဆိပ်ကမ်းတွင် ငါးသယ်ရေယာဉ်များသယ်ယူလာသော ငါးပုစွန်များကို ငါးချဆိပ်ကမ်းတွင် ပုစွန်အမျိုးအစား၊ အရွယ်အစား၊ ငါးအမျိုးအစား၊ အရွယ်အစားအလိုက် လေလံစနစ်ဖြင့်အအေးခန်းစက်ရုံများ၊ တင်ပို့ရောင်းချသူများအား ရောင်းချလျက်ရှိပြီး ဩဂုတ်လ ၃၁ ရက်တွင် တိုက်ငါးပုစွန်နှင့် ပုစွန်အမျိုးအစား၊ အရွယ်အစားအလိုက် စုစုပေါင်းကီလို ၂၃၁၂၀၊ ငါးအမျိုးအစား အရွယ်အစားအလိုက် စုစုပေါင်း ပိဿာ ၄၈၅၀၀၊ တစ်လလျှင် ပျမ်းမျှ ငါးပုစွန် စုစုပေါင်း တန်ချိန် ၃၁၁၄ ဒသမ ၁၁ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ (၅၀၀)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင်(၃၀-၈-၂၀၂၄)ရက်နေ့မှ (၁၃-၉-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၁၃-၉-၂၀၂၄) ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**




### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ အထက-၂(ပန်းစုံ)၊ G-12 မှ မောင်ဝေဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်ငွေး ၉/ရမသ(နိုင်)၁၁၁၈၄၅ ဖြစ်ပါကြောင်း။
**ဦးအောင်ငွေး**

### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ အထက-၂(ပန်းစုံ)၊ G-12 မှ မအေးမြတ်သူ၏ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၉/ရမသ(နိုင်)၁၀၆၈၁၈ ဖြစ်ပါကြောင်း။
**ဦးမောင်ဇော်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ Grade-12(E) မှ မိုင်မိုင်အောင်၏ဖခင်အမည်မှန်မှာ ဆလိုင်းဖိုးတုတ် ၁၄/ငပတ(နိုင်)၁၃၈၃၂၅ ဖြစ်ပါကြောင်း။
**ဆလိုင်းဖိုးတုတ်**

### ပျောက်ဆုံးကြောင်း
နေလင်းထက်(ဘ)ဦးဝင်းလှိုင် ၉/နထက(နိုင်)၁၇၆၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 180236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ဦးအောင်ဇော်(ဘ)ဦးအောင်သိန်း ၉/မခန(နိုင်)၁၈၁၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သန့်ဇင်(ဘ)ဦးထွန်းရွှေ ၁၂/ဥကတ(နိုင်)၀၈၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၉၂၄၈၆၇

### ပျောက်ဆုံးကြောင်း
အားဆန်(ဘ)ဦးမော်ပလုံ ၁၃/သနန(နိုင်)၀၂၇၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၄၅၆၈၀၇၀

### ပျောက်ဆုံးကြောင်း
ဇော်ဇော်အောင်(ဘ)ဦးအောင်ညွန့် ၈/ခမန(နိုင်)၁၃၀၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
နေဆန်း(ဘ)ဦးလှမောင် ၈/အလန(နိုင်)၂၀၂၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 398126)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
ဟိန်းစိုး(ဘ)ဦးစိုးဦး ၁၂/အစန(နိုင်)၁၇၁၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၈၁၆၁၁၃

### ပျောက်ဆုံးကြောင်း
မာမာဆွေ(ဘ)ဦးကျော်ညွန့် ၁၄/မမန(နိုင်)၁၄၈၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၅၃၉၅၁၅၃

### ပျောက်ဆုံးကြောင်း
ခိုင်သဇင်မောင်(ဘ)ဦးမောင်မောင် ၈/ပခက(နိုင်)၂၂၁၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၄၀၈၁၆၉၂၆

### ပျောက်ဆုံးကြောင်း
ဦးမော်ဇီး(ဘ)ဦးမော်ပလုံ ၁၃/သနန(နိုင်)၀၁၉၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၅၂၃၈၅၃၀

### ပျောက်ဆုံးကြောင်း
ဇင်မာဦး(ဘ)ဦးကျော်လင်း ၁၂/ခရန(နိုင်)၁၅၆၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၄၅၁၉၉၅၃

### ပျောက်ဆုံးကြောင်း
ဒေါ်ညိုနွဲ့(ဘ)ဦးသံချောင်း ၇/ရတန(နိုင်)၀၂၁၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### တစ်ဦးတည်းဖြစ်ပါကြောင်း
မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ သိမ်ကုန်း(၁)လမ်း၊ အိမ်အမှတ်(၁၂၅)နေ (ဘ)ဦးကျော်ဇေယျာထွေး ၁၃/ဟပန(နိုင်)၀၅၃၆၅၄ ၏သား မောင်ဖြိုးခန့်လင်း(ခ)မောင်ဖြိုးဇေယျာကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ဖြိုးခန့်လင်း(ခ)မောင်ဖြိုးဇေယျာကျော်**

### ပျောက်ဆုံးကြောင်း
ဦးခင်ကျော်(ဘ)ဦးကျော်သိန်း ၁၁/စတန(နိုင်)၀၅၁၈၃၁ ကိုင်ဆောင်သူ၏ ရေယာဉ်မှတ်ပုံတင်အမှတ်(DMA/DPP/11097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၉၅၉၂၇၇

### ပျောက်ဆုံးကြောင်း
မသိန်းသိန်း(ဘ)ဦးစိန်ထွန်း ၁၂/မရက(နိုင်)၁၃၃၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 298275)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၁၀၆၇၇

### ပျောက်ဆုံးကြောင်း
နွယ်နီထွန်းအောင်(ဘ)ဦးထွန်းတင် ၁၁/ကဖန(နိုင်)၁၅၁၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၃၀၄၄၉၄၁

### ပျောက်ဆုံးကြောင်း
မင်းမင်းခိုင်(ဘ)ဦးသိန်းရွှေ ၁၄/ဇလန(နိုင်)၀၉၉၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၉၉၀၀၇၅

### ပျောက်ဆုံးကြောင်း
မနီနီဝင်း(ဘ)ဦးစိန်ထွန်း ၁၂/မရက(နိုင်)၁၄၁၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 298278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၉၄၃၅၃

### ပျောက်ဆုံးကြောင်း
မိထွေးမေ(ဘ)ဦးထွန်းအုံ ၃/ဘအန(နိုင်)၁၇၁၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၉၃၆၂၁

### ပျောက်ဆုံးကြောင်း
ဒေါ်ချိုမာ(ဘ)ဦးရင်ကျေး ၁၀/မဒန(နိုင်)၂၁၆၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၄၀၀၆၄၆

### ပျောက်ဆုံးကြောင်း
တင်မိုးခိုင်(ဘ)ဦးဘချစ် ၁၀/ကမရ(နိုင်)၁၄၄၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၉၀၄၆၃၅

### ပျောက်ဆုံးကြောင်း
ဝင်းတင့်(ခ)ဟွာကင်(ဘ)ဦးအုံးမွှေး ၁၀/မလမ(နိုင်)၁၅၄၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

### ပျောက်ဆုံးကြောင်း
မြင့်မြင့်အေး(ဘ)ဦးကင်တိတ် ၁၀/မလမ(နိုင်)၁၁၀၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

### ပျောက်ဆုံးကြောင်း
ဦးမြင့်သိန်း(ဘ)ဦးအောင်မြ ၁၀/ရမန(နိုင်)၀၀၆၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၉၃၆၂၁

### ပျောက်ဆုံးကြောင်း
ဇော်လင်းအောင်(ဘ)ဦးတင်အောင် ၁၀/သဖရ(နိုင်)၀၆၅၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၀၂၇၁၆

### ပျောက်ဆုံးကြောင်း
ခင်နှင်းဖြူ(ဘ)ဦးသိန်းအောင် ၁၀/မလမ(နိုင်)၁၃၁၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၀၂၇၁၆

### ပျောက်ဆုံးကြောင်း
ကျော်ဆုသွေး(ဘ)ဦးမျိုးဦး ၁၀/မလမ(နိုင်)၂၄၁၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

### ပျောက်ဆုံးကြောင်း
အောင်ဝင်း(ဘ)ဦးတင်မြင့် ၁၂/တကန(နိုင်)၁၃၀၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၀၄၁၂၄

### ပျောက်ဆုံးကြောင်း
မိသူဇာ(ဘ)ဦးဝင်းမြင့် ၁၀/ခဆန(နိုင်)၁၁၉၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၂၈၀၉၇၉

### ပျောက်ဆုံးကြောင်း
အေးအေးသန်း(ဘ)ဦးထွန်းထွန်းနိုင် ၁၀/ပမန(နိုင်)၂၈၉၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 612957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

### ပျောက်ဆုံးကြောင်း
တင်ကိုဦး(ဘ)ဦးအေးမောင် ၁၀/မဒန(နိုင်)၁၆၃၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၃၃၄၉၈၉

### ပျောက်ဆုံးကြောင်း
ဦးထွန်းဝင်း(ဘ)ဦးသိန်းဝင်း ၁၀/မလမ(နိုင်)၁၅၇၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

### ပျောက်ဆုံးကြောင်း
သန်းအောင်မိုး(ဘ)ဦးပန်းလှ ၁၀/သဖရ(နိုင်)၁၁၄၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

### ပျောက်ဆုံးကြောင်း
မတင်ရီ(ဘ)ဦးကျော်ဦး ၁၀/သထန(နိုင်)၁၀၅၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

### ပျောက်ဆုံးကြောင်း
ကေခိုင်ဝင်း(ဘ)ဦးကြည်ဝင်း ၁၂/သကတ(နိုင်)၁၄၈၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 534980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၄၇၉၆၅

### ပျောက်ဆုံးကြောင်း
ယွန်းဖြူဖြူသန့်(ဘ)ဦးမြင့်ဝင်း ၁၂/မရက(နိုင်)၁၈၁၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 600499)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၅၉၃၁၂၁

### ပျောက်ဆုံးကြောင်း
တိုက်ကြီးမြို့နယ်၊ မင်းရဲကျော်စွာရပ်ကွက်၊ လမ်းချိုးလမ်းနေ သီဟစိုး(ဘ)ဦးကျော်ဆန်းနိုင် ၁၂/တကန(နိုင်)၂၂၆၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 803035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ ရန်နိုင်ထွန်း(ဘ)ဦးမြင့်အေး ၁၄/ဖပန(နိုင်)၂၁၈၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက် မစိုးရိမ်ကျောင်းလမ်း၊ အမှတ်(၂၆၇)နေ အိစက်ဇေယျာ(ဘ)ဦးဇေယျာစောလွင် ၁၂/မရက(နိုင်)၁၁၁၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၁၇၃၇၃၇

### ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အထက(၁)Grade-12 အခန်း(D) ၂၀၂၄-၂၀၂၅ တွင် ပညာသင်ကြားနေသော ၁၄/ဖပန(နိုင်)၂၆၉၁၅၈ ကိုင်ဆောင်သူ မသိမ့်သိမ့်၏ဖခင် ၁၄/ဖပန(နိုင်)၁၁၆၀၇၂ ကိုင်ဆောင်သူ ဦးနိုင်ဆွေဦး(ခ)ဦးနိုင်ရွှေဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးနိုင်ဆွေဦး(ခ)ဦးနိုင်ရွှေဦး**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ခွဲ)သဲကုန်း(ကြာ)၊ Grade-9 မှ မချစ်စုဝေ၏ဖခင်အမည်မှန်မှာ ဦးစံငွေး ၁၄/ငပတ(နိုင်)၂၄၁၁၀၃ ဖြစ်ပါကြောင်း။
**ဦးစံငွေး**

### မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့၊ အ.ထ.က(၄) Grade-12(B) တွင်ပညာသင်ကြားနေသော အဘ ဦးအောင်အောင်၏သား မောင်အောင်ကိုကို၏ မွေးသက္ကရဇ်အမှန်မှာ ၂၈-၁၁-၂၀၀၄ ဖြစ်ပါကြောင်း။
၂၈-၁၁-၂၀၀၄

### ဖခင် အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က Grade-12(B) မှ မယွန်းမီမီနိုင် ကျောင်းဝင်အမှတ်(B)၆၉၉၈ ၏ဖခင် ဦးဇော်မင်း၏အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/တတက(နိုင်)၁၁၁၉၂၁ ဖြစ်ပါကြောင်း။
**ဦးဇော်မင်းထွန်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### မိခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄) Grade(6) မှ မောင်ကောင်းဆက်ပိုင်၊ ကျောင်းဝင်အမှတ်၀၆၉၀ ၏မိခင်ဒေါ်တင်နီလာလင်း၏အမည်မှန်မှာ ဒေါ်နီလာဝင်း ၈/တတက(နိုင်)၁၆၆၆၅၈ ဖြစ်ပါကြောင်း။
**ဒေါ်နီလာဝင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၁) Grade(10) ကျောင်းဝင်အမှတ် D ၇၇၀၅ မောင်အောင်ဘုန်းမြတ်၏ဖခင် ဦးဝေဖြိုး၏အမည်မှန်မှာ ဦးဖြိုး ၉/ပမန(နိုင်)၂၁၅၅၀၇ ဖြစ်ပါကြောင်း။
**ဦးဖြိုး**

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် စက်တင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုင်ပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းမောင်တင်ယု၊ ကာတွန်းစောဟန်နှင့် ကာတွန်းဇက်တီတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ ။
- ကဗျာဆရာ ဘအုန်း-ပုသိမ်၊ ရဲမြင့်နောင်၊ ထက်သခင်(သုံးဆယ်)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ပုလောစိုးနဲ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။



ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၂၇-၈-၂၀၂၄)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၈)၊ အမှတ်(၃၄)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ

# ပရီးမီးယားလိဂ်ပွဲစဉ်(၃) စပိန်လာလီဂါပွဲစဉ်(၄)နှင့် အီတလီစီးရီးအေပွဲစဉ်(၃)ပွဲကြိုသုံးသပ်ချက်



## မန်ယူ Vs လီဗာပူး

**ကစားမည့်ရက်/အချိန်**

**(၁-၉-၂၀၂၄ ည ၉:၃၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**မန်ယူ ၀ - ၃ လီဗာပူး**

**မန်ယူ ၂ - ၂ လီဗာပူး**

**မန်ယူ ၃ - ၃ လီဗာပူး**

**နောက်ဆုံးကစားသည့်သုံးပွဲအနိုင်၊ အရှုံးရလဒ်**

**မန်ယူ ဝေး(သရေ) အိမ်(နိုင်) ဝေး(နိုင်)**

**လီဗာပူး အိမ်(သရေ) ဝေး(နိုင်) အိမ်(နိုင်)**

မန်ယူအသင်းအတွက် တိုက်စစ်ပိုင်းမှာ အားနည်းချက်တွေရှိနေပြီး အထောင်တိုက်စစ်ပိုင်းမှာ ဟိုက်လန်းဒဏ်ရာကြောင့် မပါဝင်နိုင်ချိန်မှာ သွင်းဂိုးတွေရရှိဖို့ ခက်ခဲနေပြီး ရက်ရှ်ဖို့ဒ်ကလည်း ပုံမှန်ခြေစွမ်းပျောက်ဆုံးနေတာက မန်ယူအသင်းအတွက် လိုအပ်ချက်တွေဖြစ်နေတာပါ။ ဒ့ါပြင် မန်ယူအသင်းကွင်းလယ်ပိုင်းမှာ အသစ်ခေါ်ယူထားတဲ့ အူဂါတေးပါဝင်နိုင်ဦးမှာမဟုတ်သလို နှစ်ပွဲဆက်ပါဝင်ခွင့်ရရှိထားတဲ့ မေဆင်မောင့်ကလည်း ဒဏ်ရာကြောင့် အနားယူရမှာဖြစ်လို့ မန်ယူအသင်းမှာ တိုက်စစ်ပိုင်းတင်မဟုတ်ဘဲ ကွင်းလယ်ပိုင်းမှာပါ လိုအပ်ချက်တွေရှိနေမှာပါ။ မန်ယူအသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ ခြေစွမ်းပိုင်းက အားရစရာမရှိဘဲ ဘရိုက်တန်အသင်းနဲ့ပွဲစဉ်မှာဆိုရင်လည်း ခံစစ်ပိုင်းက လိုအပ်ချက်တွေရှိနေတာ သိသာပါတယ်။ အခုကစားရမယ့်အသင်းကလည်း လီဗာပူးအသင်းဖြစ်နေလို့ ပိုပြီးခက်ခဲနိုင်ပြီး မန်ယူအသင်းအတွက် အခုပွဲစဉ်မှာ အမြင့်ဆုံးမျှော်လင့်ချက်ကတော့ သရေရလဒ်ပါပဲ။

လီဗာပူးအသင်းကလည်း နည်းပြသစ်ဆလော့လက်အောက်မှာလည်း ပုံစံကောင်းပြနေပြီး နှစ်ပွဲဆက်နိုင်ပွဲရယူထားသလို ခံစစ်ပိုင်းက ပေးဂိုးလုံး၀မရှိတဲ့အထိ ကျစ်လျစ်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း လေးဂိုးရရှိထားလို့ မန်ယူအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိဒဏ်ရာရကစားသမားစာရင်းမှာလည်း လီဗာပူးအသင်းက စီဂျန်းတစ်ဦးတည်းသာရှိနေလို့ ကစားသမားအင်အားပိုင်းတောင့်တင်းမှု အပြည့်ရှိနေပါတယ်။ လီဗာပူးအသင်းက မန်ယူအသင်းနဲ့ အနီးကပ်ဆုံးကစားတဲ့ခြေစမ်းပွဲစဉ်မှာလည်း ၃ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိ လီဗာပူးအသင်းတိုက်စစ်ပိုင်းမှာ ဆာလက်ချ်၊ ဒီယက်ဇ်၊ ဂျိုတာတို့အပြင် ဒါ၀င်နူနက်စ်၊ ဂတ်ပိုစတဲ့ကစားသမားတွေလည်းရှိနေလို့ မန်ယူအသင်းထက် တိုက်စစ်ပိုင်းကတော့ အသာစီးမှာရှိနေပါတယ်။

ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ မန်ယူအသင်းက ၁၆ ကြိမ်အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းကတော့ ၁၃ ကြိမ်ပြန်လည်အနိုင်ရရှိခဲ့ကာ ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ တွေ့ဆုံမှုပိုင်းကွာခြားမှုမရှိပါဘူး။ ဒါပေမဲ့ လက်ရှိဒဏ်ရာရကစားသမားစာရင်းကိုကြည့်မယ်ဆိုရင် လီဗာပူးအသင်းကတော့ စီဂျန်းတစ်ဦးတည်းသာရှိနေပြီး မန်ယူအသင်းမှာတော့ အဓိက ကစားသမားအများအပြားစုဒဏ်ရာရရှိနေပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လီဗာပူးအသင်း ရလဒ်ကောင်းအောင်စွမ်းဆောင်နိုင်ပါလိမ့်မယ်။

ခန့်မှန်းရလဒ်- မန်ယူ ၁ - ၂ လီဗာပူး

## ရီးယဲလ်မက်ဒရစ် Vs ရီးယဲလ်ဘက်တစ်

**ကစားမည့်ရက်/အချိန်**

**(၂- ၉ -၂၀၂၄ နံနက် ၂:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ရီးယဲလ်မက်ဒရစ် ၀ - ၀ ရီးယဲလ်ဘက်တစ်**

**ရီးယဲလ်ဘက်တစ် ၁ - ၁ ရီးယဲလ်မက်ဒရစ်**

**ရီးယဲလ်မက်ဒရစ် ၀ - ၀ ရီးယဲလ်ဘက်တစ်**

**နောက်ဆုံးကစားသည့်သုံးပွဲအနိုင်၊ အရှုံးရလဒ်**

**ရီးယဲလ်မက်ဒရစ် ဝေး(သရေ)အိမ်(နိုင်) ဝေး(သရေ)**

**ရီးယဲလ်ဘက်တစ် ဝေး(နိုင်) ဝေး(သရေ) အိမ်(နိုင်)**

ရီးယဲလ်မက်ဒရစ်အသင်းမှာ အသစ်ခေါ်ယူထားတဲ့တိုက်စစ်မှူး အမ်ဘက်ပီ ဂိုးသွင်းယူနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အမ်ဘက်ပီ၊ ရိုဒရီဂို၊ ဗင်နီစီးယက်စ်တို့ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကို ရီးယဲလ်ဘက်တစ်အသင်း ခံစစ်ကစားသမားတွေ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက်ကတော့ခက်ခဲနေမှာပါ။ လက်ရှိရီးယဲလ်မက်ဒရစ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းကတော့ ရီးယဲလ်ဘက်တစ်အသင်းကို အသာစီးရယူပြီး အနိုင်ရယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းမှာ အသင်းတိုက်စစ်ပိုင်းက ကစားသမားတွေအပြင် ကွင်းလယ်ပိုင်းက ကစားသမားတွေကလည်း ဂိုးသွင်းအားရှိနေလို့ ရီးယဲလ်ဘက်တစ်အသင်း ခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်စွမ်းရှိမှာပါ။

ရီးယဲလ်ဘက်တစ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းကိုအကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး လေးပွဲသရေရလဒ်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကာ တစ်ကြိမ်သာရှုံးနိမ့်ထားတဲ့အထိ စွမ်းဆောင်ထားနိုင်ခဲ့တယ်ဆိုပေမယ့် လက်ရှိအခြေအနေအရတော့ ရီးယဲလ်မက်ဒရစ်အသင်းထက် နိမ့်ကျနေပါတယ်။ လက်ရှိ ရီးယဲလ်ဘက်တစ်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း အားရစရာမရှိဘဲ ရုန်းကန်နေရလို့ ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ကတော့ ခက်ခဲမှာပါ။

ဒီနှစ်သင်းတွေ့ဆုံမှုအပိုင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက ၁၃ ကြိမ်အနိုင်ရရှိထားပြီး ရီးယဲလ်ဘက်တစ်အသင်းကတော့ လေးကြိမ်သာပြန်လည်အနိုင်ရရှိခဲ့ကာ ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာလည်း ရီးယဲလ်မက်ဒရစ်အသင်းက အသာစီးမှာရှိနေလို့ ဒီပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ်-ရီးယဲလ်မက်ဒရစ် ၃-၁ ရီးယဲလ်ဘက်တစ်

## ဂျူဗင်တပ်စ် Vs ရိုးမား

**ကစားမည့်ရက်/အချိန်**

**(၂-၉-၂၀၂၄ နံနက် ၁:၁၅ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ရိုးမား ၁ - ၁ ဂျူဗင်တပ်စ်**

**ဂျူဗင်တပ်စ် ၁ - ၀ ရိုးမား**

**ရိုးမား ၁ - ၀ ဂျူဗင်တပ်စ်**

**နောက်ဆုံးကစားသည့်သုံးပွဲအနိုင်၊ အရှုံးရလဒ်**

**ဂျူဗင်တပ်စ် ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)**

**ရိုးမား ဝေး(သရေ) ဝေး(သရေ) အိမ်(ရှုံး)**

နည်းပြသစ်မော်တာလက်အောက်မှာ ကစားကွက်ရော ရလဒ်ပိုင်းတွေပါ တိုးတက်လာတဲ့ ဂျူဗင်တပ်စ်အသင်းက အိမ်ကွင်းမှာ ရိုးမားအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဂျူဗင်တပ်စ်အသင်းက နည်းပြမော်တာလက်အောက်မှာ စီးရီးအေနှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရရှိထားတဲ့အပြင် အသင်းတိုက်စစ်ပိုင်းက ခြောက်ဂိုးရရှိထားတဲ့အထိ ခြေစွမ်းထက်မြက်နေတဲ့အပြင် ခံစစ်ပိုင်းကလည်း တစ်ဂိုးမှမပေးထားရဘဲ ကျစ်လျစ်မှုရှိနေပါတယ်။ ဂျူဗင်တပ်စ်အသင်းတိုက်စစ်ပိုင်းမှာ ဗလာဟိုဗစ်ချ်အကောင်းဆုံးခြေစွမ်းပြပြီး သွင်းဂိုးတွေသွင်းယူနေသလို အမ်ဘက်ဂလာကလည်း ခြေစွမ်းပြနေလို့ အမှားအယွင်းတွေများနေတဲ့ ရိုးမားအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ပါလိမ့်မယ်။

ရိုးမားအသင်းကတော့ ဒီဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအကျဘက်ကိုရောက်နေပြီး ပြီးခဲ့တဲ့နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့အပြင် အမ်ပိုလီအသင်းကိုတောင် အိမ်ကွင်းမှာရှုံးနိမ့်တဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ရိုးမားအသင်းက အသင်းတိုက်စစ်ပိုင်းမှာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဂီရိုနာအသင်းနဲ့အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တဲ့ ဒိုဗ်ဘိုက်ကို ခေါ်ယူထားတယ်ဆိုပေမယ့် ဒိုဗ်ဘိုက်ကလည်းအသင်းနဲ့အတူ ခြေစွမ်းပြနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရပြီး အသင်းတိုက်စစ်ပိုင်းကလည်း နှစ်ပွဲမှာ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ လက်ရှိရိုးမားအသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း ကျဆင်းနေလို့ ဂိုးသွင်းအားကောင်းနေတဲ့ ဗလာဟိုဗစ်ချ်ဦးဆောင်လာမယ့် ဂျူဗင်တပ်စ်အသင်းတိုက်စစ်ပိုင်းကို ခက်ခက်ခဲခဲထိန်းချုပ်ရဖွယ်ရှိနေပါတယ်။

ဒီနှစ်သင်းတွေ့ဆုံမှုအပိုင်းမှာ ဂျူဗင်တပ်စ်အသင်းက ၁၇ ကြိမ်အနိုင်ရရှိထားကာ ရိုးမားအသင်းကတော့ ရှစ်ကြိမ်သာ ပြန်လည်အနိုင်ရရှိခဲ့ပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ အသာစီးမှာရှိနေတဲ့ ဂျူဗင်တပ်စ်အသင်း ဒီပွဲမှာ ရလဒ်ကောင်းပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ဂျူဗင်တပ်စ် ၂ - ၀ ရိုးမား

## ပရီးမီးယားလိဂ်ပွဲစဉ်(၃)

**ချယ်လ်ဆီး** - ခရစ္စတယ်ပဲလေ့စ်

နယူးကာဆယ် - **စပါး**

## စပိန်လာလီဂါပွဲစဉ်(၄)

**အလာဗက်** - လက်စ်ပါးမက်စ်

**အိုဆာဆူနာ** - ဆယ်တာဗီဂို

ဆီဗီလာ - **ဂီရိုနာ**

## အီတလီစီးရီးအေပွဲစဉ်(၃)

**ဖီအိုရင်တီးနား** - မွန်ဇာ

**ဂျီနိုအာ** - ဗီရိုနာ


**စည်သူအောင်**



# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


ထီးတန်းဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၆၉၀၀)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှပိုင်ရှင်မှ စွန့်လွှတ်ကြောင်းတင်ပြလာသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၂၉၀၈) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်တင်သွင်းခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါး (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၁၂၅၈) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၈၇၀၀၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ အင်းလေးမြိုင်စက်မှုဇုန်၊ အင်းလေးကမ်းရပ်၊ မင်းဓမ္မ (၈)လမ်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ ထုံးဘိုလမ်းနှင့် ဖဲ့ လမ်း၊ လမ်းဆုံ၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၈၇၁၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ်ကျေးရွာ၊ ဦးရဲကြီးထမင်းဆိုင်အနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၇၀၉၆၉၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၆၁၆၉၆၈၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၂၉ ရက်**တွင် ပဲခူးခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၂၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၃၀ ရက်**တွင် ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၁၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၁၅)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၃၀၁၅)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၃၀ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ အကျဲကျေးရွာအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်(၉)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃၇၀၅၂၈၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Lin Htet Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြကျေးရွာနေ လင်းထက်အောင်(ခ)လင်းအား ညနေ ၄ နာရီ ၂၀ မိနစ်တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်ရေသန့်အစွမ်း"
NAY PYI TAW
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Black Tea
ရွှေဖီဦး
Lemon Tea
SHWE PHE OO
Lemon Tea
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ ကျောက်တံခါး၊ ပဲခူးယကုန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။ ၉၅-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Secure, Secret, Swift and Correct, Myawaddy Bank
Internet & Mobile Banking Services
Account Transfer
Mobile Topup (Phone Bill)
Remittance
Cardless ATM Withdrawl
Credit Card Payment
Tax Payment
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU
UnionPay

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❏




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563